# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ၂-၁၂-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မမ္ဘပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းသုံးခုမှ သင်တန်းသား သင်တန်းသူများကို လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းများသည် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းဟူ၍ရှိပြီး အစိုးရက နိုင်ငံရေး ဦးဆောင်မှုပေး၍ မူဝါဒချမှတ်ပေးကာ နိုင်ငံ့ဝန်ထမ်းများက

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၁

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၄င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ ပညာတက်များ ပေါ်ကြွယ်ဝရေးလည်းဖြစ်သည်။

လူငယ်များအနေဖြင့် ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သော သဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာ ပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစား စုံလင်ပြီး မိမိဖတ်ရှုလိုသောစာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။ စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောကတို့၏ သဘာဝနှင့် အလှအပတို့အပေါ် နားလည်ခံစားမှုတို့မှတစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။ ဘဝအောင်မြင်ရေးအတွက် အရေးပါသည့် အရည်အသွေးများဖြစ်သော အီးကျူ(EQ: Emotional Intelligence)ခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ စီကျူ(CQ: Culture Intelligence)ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းများအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသည့် အရည်အသွေးစသည်တို့ကိုလည်း ရသစာပေကောင်းများကို ဖတ်ရှုရာမှ ရရှိနိုင်သည်။ သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ရယူကြရသည်။ သို့ဖြစ်သည့် အလျောက် သုတဖြစ်စေ၊ ရသဖြစ်စေ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ရှိကြဖို့လိုသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရွယ်လိုက် စာပေကို ဖတ်ရှုကြရန် ပျိုးထောင်ပေးဖို့လည်း လိုအပ်သည်။ ပညာပြည့်ဝ နှလုံးလှရန်အတွက် လူတိုင်း မိမိကိုယ်ကိုမြှင့်တင်ရန် မဖြစ်မနေလုပ်ရမည့် အလုပ်မှာ စာတတ်သူတိုင်း စာဖတ်ကြရန်ပင်ဖြစ်သည်။ စာအုပ်ဝယ်ဖတ်ရန်ငွေကြေး မရင်းနှီးလိုသူများ၊ လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများ ငွေကုန်ကြေးကျမရှိ စာဖတ်နိုင်သည့်နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်များ၏ လုပ်ငန်းယန္တရားလည်ပတ်မှုသည် စာဖတ်သူတို့ များပြားစည်ကားသည်နှင့်အမျှ ပိုမိုသွက်လက်လှုပ်ရှားလာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာ၊ ဗလငါးတန်တို့ ပြည့်စုံရေးအတွက် လူငယ်လူရွယ်တိုင်း စာကောင်းပေမွန်များ ဖတ်ရှုနိုင်ရေး အနီးဆုံးစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် သွားရောက်နိုင်ရန် တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ သောကြာကြယ်ပရဟိတကျောင်း ဦးလှစိုးခန်းမတွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ယနေ့မွန်းလွဲ ၂ နာရီက စာပေဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။

စာပေဟောပြောပွဲတွင် ကျောက်ဆည်စာရေးဆရာအသင်းနာယကများဖြစ်သည့် ဦးအောင်မြင့်က "ပညာရေးသည် အမျိုးသားအရေး"၊ ဦးစိုးမြင့်ဒွဏ်း (အာယုဗေဒ)က "သုတရသစာပေများ"၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)က "မြန်မာ့ရှေးခေတ်ကဗျာများ"၊ ဆရာကေတောင်တန်းပြာက "ရသဝတ္ထုဆိုသည်မှာ" စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောခဲ့ကြသည်။

စာပေဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ နောင်တစ်ချိန်တွင် ကျူရာတာဝန်များ ထမ်းဆောင်ရာ၌ အမျိုးသားရေးစိတ်များ ကိန်းအောင်းပြီး လိမ္မာယဉ်ကျေးစွာဖြင့် လုပ်ငန်းများအောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

## ကုသိုလ်တော်ဘုရား ပရိဝုဏ်အတွင်း နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးတစ်အိုး တူးဖော်တွေ့ရှိ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးမြို့ မန္တလေးတောင်ခြေအနီးရှိ ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးတစ်အိုးကို နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက တူးဖော်တွေ့ရှိခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

အရိုးစများပါသည့် ငွေဖြင့်ပြုလုပ်ထားသော ဖရုံသီးပုံသဏ္ဌာန် အဖုံးအပိတ်ပါ အိုးတစ်လုံးဖြစ်ပြီး အောက်တွင် ဖန်ကလာပ်ပါရှိကာ အထဲ၌ အရိုးအပိုင်းအစငယ်များနှင့် အံသွားတစ်ချောင်းပါရှိပြီး အရိုးအိုးကို ဘုရားဂေါပကအဖွဲ့မှ ကုသိုလ်တော်ဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၄င်းအရိုးအိုးထဲတွင်ပါရှိသည့်အရိုးများကို DNA စစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနကို ပေးပို့ထားပြီးဖြစ်သည်။

အဆိုပါ တွေ့ရှိခဲ့သည့် အရိုးအိုးတွင် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်ဟု ကမ္ပည်းထိုးထားသဖြင့် အရိုးအိုးသက်တမ်းသည် နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဖြစ်ကာ သီပေါမင်းပါတော်မူပြီး နှစ်ပေါင်း ၂၈ နှစ်ကြာက အရိုးအိုးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၄)**



## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ မန္တလေးတောင်မြောက်ဘက်၊ ၆၂လမ်းနှင့် ၂လမ်းထောင့်နှင့် ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

အကောင်အထည် ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **အစိုးရအဖွဲ့မှ နိုင်ငံရေးအရ ဦးဆောင်သူများ အနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့ တာဝန်များအလိုက် ဆက်လက် ထမ်းဆောင်ရခြင်း ဖြစ်ကြောင်း၊** နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများ ကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ဝန်ထမ်းများ အားလုံးသည် **နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများ ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊** လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့် ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားများ အနေဖြင့်လည်း မိမိတို့ဝန်ထမ်း သက်တမ်း တစ်လျှောက် တက်ရောက်ရမည့်သင်တန်းများ အားလုံးတွင် စဉ်ဆက်မပြတ်သည့် ကြိုးစား အားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သင်တန်းကျောင်းများ အနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေးအရင်းအနှီးများစွာ ကုန်ကျခံသင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှ သင်ကြားပေးသည်များကို တန်ဖိုးထား၍ သင်ယူသွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်၏နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်၌ နိုင်ငံရေးစနစ် အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် အနေဖြင့် ပြည်သူများ လိုလား တောင့်တနေသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အဆင့်ဆင့် ဖော်ဆောင်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခက်အခဲ၊ အကျပ် အတည်းများကို တပ်မတော်မှပင် ဦးဆောင်၍ ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို မှန်မှန် ကန်ကန် လေ့လာသိရှိနားလည် ကြရန်လိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာတို့သည် ခေတ်အဆက်ဆက် ထိန်းသိမ်း ကာကွယ်ရမည့်အချက်များ ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရ ကြည့်မည်ဆိုပါက လည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီ အနေအထားအရ အင်အားကြီး နိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိ နေပြီး ရှုပ်ထွေးသည့် နိုင်ငံရေး သမိုင်းကြောင်း နောက်ခံများလည်း ရှိကြောင်း၊ အရှေ့နှင့် အနောက်၏ မတူညီသည့်သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ များ၊ နိုင်ငံရေးအရ တည်ငြိမ်မှုရရှိ ရန် လိုအပ်နေမှုများကို တည်ငြိမ်မှု မရှိအောင် ထိန်းသိမ်းဆောင်ရွက် နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေ အနေများနှင့်ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများ ကိုသင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ် အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ် ကြောင်း။**

> ❖ **အစိုးရအဖွဲ့မှ နိုင်ငံရေးအရ ဦးဆောင်သူများအနေဖြင့် အပြောင်းအလဲ ရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်**
>
> ❖ **ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင် ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွား ကြရန်လို**
>
> ❖ **နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်**
>
> ❖ **နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန်လို**

> ❖ **သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်း (Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူ များကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို**

**နိုင်ငံ့ဝန်ထမ်းများ ဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှု များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ နားလည်ကြရန်** လိုကြောင်း၊ လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေး ရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ် တို့၏ အားပြိုင်ခဲ့မှုများရှိကြောင်း၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှု နှင့် နိုင်ငံရေးအရအယူဝါဒကွဲပြား မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ် ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ကာလများ၌ လည်း လက်နက်ကိုင်ပဋိပက္ခများ နှင့် စီးပွားရေးအယူဝါဒ ကွဲပြားခဲ့မှု များရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှု အားနည်းချက်တို့ ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေ ယိမ်းယိုင် လာခဲ့ကာ အချုပ်အခြာအာဏာ ပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင် လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲ အစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့ရ သောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက် လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်း မရှိခြင်း ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်စဉ် ကာလ အတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာ သည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ် အတည်းများကို မိမိတို့အနေဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်း ညီညွတ်သည့်အားဖြင့် ကျော်ဖြတ် နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံ တစ်ခုတွင် ရွေးကောက်ပွဲသည် အလွန် အရေးကြီးသည့်အတွက် မိမိတို့ အနေဖြင့် ယခုလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပ ပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင် ပြင်ဆင်ခြင်းများကို စီမံဆောင်ရွက် ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အား နိုင်ငံတော်၏ လုံခြုံရေးအခြေ အနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှု ပြုလုပ်၍မရနိုင်သည့် မြန်မာ အီလက်ထရောနစ် မဲပေးစနစ် (MEVM)များဖြင့် ဆန္ဒမဲများပေးနိုင် ရေး စီမံဆောင်ရွက်ထားကြောင်း၊ **သင်တန်းသား သင်တန်းသူများ အနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေး သုံးပါးကို လိုက်နာစောင့်ထိန်းနိုင် သူ၊ တပ်မတော်သည် နိုင်ငံတော် တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution)ဖြစ်သဖြင့် တပ်မတော် နှင့် သဟဇာတဖြစ်စွာ လက်တွဲ ဆောင်ရွက်နိုင်သူများကို ရွေးချယ် ၍ ဆန္ဒမဲပေးရန်လိုကြောင်း။**

စီးပွားရေးနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ကျင့်သုံး ခဲ့သည့် စီးပွားရေးစနစ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါ က ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး အဆိုပါလိုငွေများကို Non-Trade များမှ ရရှိသည့် ငွေများဖြင့် ပြန်လည်ဖြည့်တင်းခဲ့ကြကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခု တွင်လည်း ကုန်သွယ်မှုလိုငွေများ ရှိခဲ့ကြောင်း၊ Non- Trade မှ ရသည့်ငွေများတွင် ပြည်ပမှချေးငွေ များ၊ ထောက်ပံ့ငွေများ ပါဝင် ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ် မှုများကို အားပေးဆောင်ရွက်မှ သာလျှင် ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ပြည်ပပို့ကုန် များလည်း တိုးမြင့်လာမည်ဖြစ် ကြောင်း၊ ထို့ကြောင့် မိမိတို့အနေ ဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင် ချိန်တွင် အခက်အခဲများကြားမှ ကုန်သွယ်မှုလိုငွေများလျော့နည်း စေရေး ကုန်ထုတ်လုပ်ငန်း များ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်း များထုတ်လုပ်နိုင်မှသာ ကုန်သွယ် မှုအတွက် လိုအပ်သည့် ပို့ကုန်များ ကို ရရှိမည်ဖြစ်ကြောင်း၊ ပို့ကုန် များရရှိမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများရရှိ မည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ လျော့နည်းလာမည်ဖြစ်ကြောင်း။

ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် နိုင်ငံခြား ငွေကြေးဈေးနှုန်းများ မြင့်တက် လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း ၌ လိုအပ်လျက်ရှိသည့် ထုတ်ကုန် ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်ပြီး ပိုလျှံသည့် ထုတ်ကုန် များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆို ပါက နိုင်ငံအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် လည်း ပြည်တွင်း၌ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံ သည့်ထုတ်ကုန်များကိုပိုမိုတိုးတက် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်း လိုအပ်ချက်ရှိသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်း များကို ပြည်တွင်း၌ ထုတ်လုပ်နိုင် မည်ဆိုပါက သွင်းကုန်အတွက် ကုန်ကျနေရသည့် နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် စားကုန်၊ သုံးကုန်၊ သောက်ကုန်များကို ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သွားမည် ဆိုပါက နိုင်ငံခြားငွေများသုံးစွဲရမှု များစွာ လျော့နည်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှု များ၊ စီးပွားရေးအရ ဖြစ်ပေါ်နေ သည့်အခြေအနေများကို သိရှိ နားလည်နိုင်ရန် ယခုကဲ့သို့အချိန်ယူ ၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံ၍ သင်တန်း လာရောက်တက်ကြ ရသူများဖြစ်သဖြင့် သင်တန်း တက်ရောက်နေရသည့် အချိန် အတွင်း အမှန်တကယ် တတ်မြောက်အောင်သင်ယူသွား ကြရန်နှင့် သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော် တည်ဆောက် ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ် တွင် ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံး ဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟော်သဓခန်းမအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ် သင်တန်းကျောင်း (ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သို့ရောက်ရှိရာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ အခြေခံ ဆရာ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။

ထို့နောက် တက္ကသိုလ် အစည်းအဝေးခန်းမတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ လေ့ကျင့်ရေးနှစ် တစ်နှစ်အတွင်း လေ့ကျင့်ပေးရန် လျာထားမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ ၁၉၉၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ သင်တန်းများဖွင့်လှစ် လေ့ကျင့်ပေးခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ ဌာနများ အလိုက် ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်ထားရှိမှု၊ သင်တန်းသားများအား သင်တန်းများလေ့ကျင့်သင်ကြားပေးလျက်ရှိမှု၊ မန္တလေး ငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံများနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပြီး သင်တန်းသားများနှင့် ဝန်ထမ်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် နှစ်ခုတွင် သင်တန်းများအလိုက် သင်တန်းအချိန်ခွဲဝေမှု၊ သင်တန်းအဆင့်သတ်မှတ်ချက်များ၊ သင်ခန်းစာများ ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရေးနှင့် တက္ကသိုလ်များ၏ မျှော်မှန်းချက်များအတိုင်း ဖြစ်စေရေး ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခွင့်မဆုံးရှုံးစေရန်အတွက် သင်တန်းသားအရေအတွက် ပိုမိုလေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်း ဦးရေအရ လုံလောက်မှုမရှိသေးသဖြင့် လက်ရှိနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားဦးရေများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် သင်တန်းများ တက်ရောက်ပြီးမှသာ ရာထူးတိုးခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများ အားလုံးပုံစံတကျဖြစ်စေရန်အတွက် ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရေး အခြေခံစစ်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်၏ ရည်မှန်းချက်မှာ နိုင်ငံတော်အတွက် လိုအပ်သည့် ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ယခုနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး အမှုထမ်းများ၊ အရာထမ်းများအား ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင်လည်း ထိရောက်သည့် သင်ကြားလေ့ကျင့်မှုများဖြစ်ရန် လိုကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန် လိုကြောင်း။

ဥပဒေနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြရန်လိုကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအားလုံး ဥပဒေကို သိရှိနားလည်ကြရန် လိုအပ်သဖြင့် အခြေခံပညာအဆင့်မှ စတင်၍ ဥပဒေအသိပညာများကို သင်ကြား

စာမျက်နှာ ၅ သို့ »»





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၄ မှ

ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက်(၁၈)နှစ်ပြည့်ပြီးသူများ ဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်နေရန် လိုအပ်ပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားရာတွင် ဥပဒေပညာရပ်များကို ထည့်သွင်းသင်ကြားပေးရန် လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ရုံးလုပ်ငန်း စည်းမျဉ်းများ စနစ်တကျရှိစေရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှစတင်၍ အခြေခံရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

သင်တန်းသား များ၏ စားသောက် နေထိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ထိုက်သင့်သည့် နှုန်းထားဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုများ၏ စားရေးကို အထောက်အကူပြုစေမည့် ရာသီသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဆိုပါက သက်သာချောင်ချိရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ အတွက် လိုအပ်သည့် ကြက်ဥများ၊ အသားများ လုံလောက်စွာရရှိရေး အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတွက်ချက်မွေးမြူရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့် မဟော်သဓခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ အခြေခံဆရာ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး နေ့လယ်စာ သုံးဆောင်အပြီးတွင် သင်တန်းသူ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)သို့ ရောက်ရှိရာ လေ့ကျင့်ရေးဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရဲအရာရှိများအား လေ့ကျင့်ပေးနေသည့်ကျောင်းများနှင့်အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့် ကျောင်းများ၏ သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း သမိုင်းအကျဉ်းကို လည်းကောင်း၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှု၊ စာပေပညာ၊ စစ်ပညာနှင့် ကြံ့ခိုင်ရေးဘာသာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိမှု၊ သင်တန်းကျောင်းများအလိုက် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေများ၊ သင်တန်းများအလိုက် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လေ့ကျင့်ရေးအဆောက်အအုံများ၊ အထောက်အကူပြု ယာဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

- ❖ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်
- ❖ အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိလာမည်
- ❖ အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို

**ပြည်သူ့ဆက်ဆံရေးကောင်းမွန်၍ အလေ့အကျင့်ကောင်း (Good Practice)ရှိသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရဲတပ်ဖွဲ့ဝင် အရာရှိများနှင့် အခြားအဆင့်များ၏လေ့ကျင့်ရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲဥပဒေများကိုသာမက ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ထုတ်ပြန်ထားသည့် ဥပဒေများအားလုံးကို မရှိမဖြစ်သိရှိနားလည်နေရန်လိုအပ်သဖြင့် ဥပဒေအသိပညာများကိုသင်ကြားပေးရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် တပ်ပြင်စည်းရုံးရေး ပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း၊ အသိပညာအားနည်းသည့်သူများအနေဖြင့် ဥပဒေကိုလိုက်နာမှု အားနည်းကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသအလိုက် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကို ကြည့်၍ စည်းကမ်း ထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များကသာ ဆောင်ရွက်ရကြောင်း၊ စာမျက်နှာ ၆ သို့ »»»

»»» စာမျက်နှာ ၅ မှ

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ မြင့်မားလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် **အလေ့အကျင့်ကောင်း (Good Practice)များရရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုကြောင်း၊** ထိုသို့ လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ဝတ်စားဆင်ယင်မှုစည်းကမ်းမှအစ နေ့စဉ်ဆောင်ရွက်ရမည့် နိစ္စဓူဝလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သမားစဉ်ဆောင်ရွက်ရမည့် ကျန်းမာကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေး၊ ဝတ်စားဆင်ယင်မှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ အမြင်ကောင်းမွန်စေရေး တာဝန်ထမ်းဆောင်ချိန်များတွင် အရက်၊ ဆေးလိပ်၊ ကွမ်း သုံးစွဲမှုများကို တစ်ဦးချင်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **“ကူညီပါရစေ”** ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း ပြည်သူများက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ အတွေးအခေါ်များ ကောင်းမွန်တိုးတက်စေရေး စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

အုပ်ချုပ်မှုနှင့် ပတ်သက်၍ အုပ်ချုပ်မှုများ ညီညွတ်မျှတနေရန် လိုကြောင်း၊ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရာတွင် အုပ်ချုပ်မှုများညီညွတ်မျှတမှု ရှိစေရေး ဒုရဲအုပ်သင်တန်းမှစတင်၍ သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် အထောက်အကူ ဖြစ်စေမည့် ကိုယ်ခံပညာရပ်များကို သင်တန်းကျောင်းများ၌ မဖြစ်မနေ သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ ထိုသို့ သင်ကြားနိုင်ရန် အတွက်လည်း ကိုယ်ခန္ဓာများ ကြံ့ခိုင်သန်စွမ်းနေရန် လိုကြောင်း၊ ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံ့တာဝန်ထမ်းဆောင်မှုများအပေါ်တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်ဖြင့် အတူတကွ တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများစားသုံးနိုင်သည့် အသား၊ ငါး၊ ဥနှင့် သီးနှံများကို အဓိကထား စိုက်ပျိုးမွေးမြူသွားရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် ရဲတပ်ဖွဲ့တံဆိပ်၊ ပခုံးတံဆိပ်များ၊ လက်ရှိ အသုံးပြုလျက်ရှိသည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများ၊ အဆင့်တံဆိပ်များနှင့် ဝတ်စုံများ၊ ရဲတပ်ဖွဲ့သုံး လက်နက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပြည်ပနိုင်ငံများမှပေးပို့သည့် အမှတ်တရပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သင်တန်းသားများ ဗဟုသုတ တိုးပွားစေရေးအတွက် စာအုပ်စာစောင်များဖတ်ရှုစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ စာကြည့်တိုက်အတွင်း စာအုပ်များ စနစ်တကျထားရှိရန်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၆ ရက်

သာ လိုတော့သည်။

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

❖ စာမျက်နှာ ၂၄ မှ

“ပြိုင်ပွဲမှာ အောင်မြင်မှုတွေရရှိအောင် ကြိုးစားဖို့ ပြိုင်ပွဲဝင်အားလုံးက စိတ်အားထက်သန်နေပါတယ်။ ဒီနေ့ ကြိုတင်သွားတဲ့အတွက် ထိုင်းနိုင်ငံမှာ ဒီဇင်ဘာ ၃ ရက်ကစပြီး လေ့ကျင့်မှုတွေ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ပြိုင်ပွဲအနေအထားနဲ့ အသားကျသွားမှာပါ။ ပြိုင်ပွဲမှာ ကနူး/ကယက်လှေတွေနဲ့ ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက်ကျွန်တော်တို့အသုံးပြုမယ့်လှေတွေက ကွန်တိန်နာတွေနဲ့ ကြိုတင်ရောက်ရှိနေပါပြီ”ဟု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက် လှေလှော်နည်းပြ ဦးသက်လွင်ဝင်းက ပြောသည်။



ကနူး/ကယက် လှေလှော် နည်းပြ ဦးသက်လွင်ဝင်း

မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းတွင် နည်းပြသုံးဦး၊ အားကစားသမား ၁၇ ဦး ပါဝင်ပြီး မြန်မာနိုင်ငံအသင်းအနေဖြင့် ပြိုင်ပွဲစတင်သည့် ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပြိုင်ပွဲအမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဒီဇင်ဘာ ၁၀ ရက်တွင် မီတာ ၅၀၀ ပြိုင်ပွဲ ယှဉ်ပြိုင်မှု ပွဲစဉ်လေးပွဲ၊ ဒီဇင်ဘာ ၁၁ ရက်တွင် မီတာ ၂၀၀ ပြိုင်ပွဲ ယှဉ်ပြိုင်မှု ပွဲစဉ်သုံးပွဲနှင့် ဒီဇင်ဘာ ၁၂ ရက်တွင် မီတာ ၂၀၀ ပြိုင်ပွဲ ပွဲစဉ်သုံးပွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ သိရသည်။

“ကျွန်တော့်အဖွဲ့အနေနဲ့ ကမ္ဘောဒီးယားဆီးဂိမ်းပြီးတဲ့ အချိန်ကနေဆက်လက်ပြီး စခန်းသွင်းလေ့ကျင့်မှုတွေ ဆောင်ရွက်ခဲ့တာပါ။ အဲဒီလိုစခန်းသွင်းလေ့ကျင့်မှုတွေမှာ အရင်လက်ရွေးစင်ဟောင်းတွေအပြင် ပြည်နယ်နဲ့တိုင်းဒေသကြီး ပြိုင်ပွဲတွေကလူသစ်တွေကိုလည်း ရွေးချယ်စုဖွဲ့ပြီးတော့ လေ့ကျင့်စေခဲ့တာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ကနူး/ကယက် လှေလှော်အဖွဲ့အနေနဲ့ အင်တိုက်အားတိုက် ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အထူးသဖြင့် အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အိမ်ရှင်နိုင်ငံ၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့ကို သတိထားယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာမြန်မာ၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နဲ့ တခြားနိုင်ငံတွေကလည်း ပါဝင်ယှဉ်ပြိုင်ကြမှာပါ” ဟု နည်းပြ ဦးသက်လွင်ဝင်းက ရှင်းပြသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များစွာရရှိထားပြီး ယခုကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များစွာ ထပ်မံဆွတ်ခူးပေးနိုင်ရန် မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။

“ပွဲစဉ် ၁၀ ပွဲထဲက အမျိုးသားကနူးလှေပြိုင်ပွဲမှာ မီတာ ၅၀၀ အမျိုးသား တစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားနှစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားလေးယောက်လှော်နဲ့ ကနူးအမျိုးသမီးနှစ်ယောက်လှော် မီတာ ၂၀၀၊ ကနူးအမျိုးသမီး နှစ်ယောက်လှော်မီတာ ၅၀၀ စတဲ့ပြိုင်ပွဲငါးပွဲ၊ ကယက်လှေပြိုင်ပွဲမှာ မီတာ ၂၀၀ အမျိုးသားနှစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားလေးယောက်လှော်ဆိုပြီး သီးသန့်ပြိုင်ပွဲနှစ်ပွဲရှိပါတယ်။ ကျား/မပေါင်း ယှဉ်ပြိုင်ရတဲ့ မီတာ ၂၀၀ အမျိုးသား အမျိုးသမီး နှစ်ယောက်လှော်၊ မီတာ ၅၀၀ အမျိုးသား အမျိုးသမီး နှစ်ယောက်လှော်၊ မီတာ ၅၀၀ အမျိုးသား အမျိုးသမီး လေးယောက်လှော်ဆိုပြီး ပြိုင်ပွဲငါးပွဲနဲ့ စုစုပေါင်းပြိုင်ပွဲ ၁၀ ပွဲကို နိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်သွားမှာပါ။ အားကစားပြိုင်ပွဲဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုကိုပြသတဲ့ ပုံရိပ်တစ်ခုပါ။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့အနေနဲ့ အစဉ်အမြဲ ဆုရရှိနေတာဖြစ်တဲ့အတွက် (၃၃)ကြိမ်မြောက်ပြိုင်ပွဲမှာလည်း အောင်ပန်းနှင့်အတူ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်တွေ ပွေ့ပိုက်သယ်ဆောင်ပြီး ပြန်လာနိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု နည်းပြ ဦးသက်လွင်ဝင်းက ပြောကြားသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




## ဖြိုချဖျက်ဆီးပြီးဖြစ်

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅လုံးအနက် ယနေ့အထိ ၁၃၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံးအနက် ၂၈၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့်ဆက်နွယ်သော အဆောက်အအုံ ၆၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်း ယူဆောင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အတွင်း တရားမဝင်အဆောက်အအုံ ၁၃ လုံးကို ထပ်မံ ချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင် အဆောက်အအုံ စုစုပေါင်း ၁၃၂ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအမျိုးအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၃၁ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၃၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၁၉၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တရားမဝင် နိုင်ငံခြားသားများ ထားရှိသည့် ငါးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



မီးရှို့ဖျက်ဆီးမည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများ ထားရှိသည့် တစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။





KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် တစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက်အမှတ် C 6 လူနေအဆောက်အအုံ မဖြိုဖျက်မီ (အပေါ်ပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ)ကို တွေ့ရစဉ်။








KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်စားသောက်ခန်းအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ် ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၈ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ကျောက်မဲမြို့နယ် အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက်တွင် ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ၏တောင်ဘက် ဒုဋ္ဌဝတီမြစ်အနီးသို့ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအား မတွေ့ရှိရဘဲ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အိပ်ဆောင်ခြောက်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ လုပ်ငန်းဆောင်ငါးလုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အစားအစာသိုလှောင်ရုံခြောက်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ ဆောက်လုပ်ဆဲ လုပ်ငန်းဆောင်တစ်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိဆောက်လုပ်ဆဲ အိပ်ဆောင်တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၅ ပေရှိ အထွေထွေသုံးအဆောင်တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၀ ပေရှိ သုံးထပ်သားကာ တန်းလျားရှည်အိမ်သာ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ၁၀ ပေရှိ အိပ်ခန်းတွဲလေးခန်းတွဲ အိပ်ဆောင်တစ်လုံး၊ အိပ်ခန်းလေးခန်းတွဲ (ရီကွာစတိုပါ) နှစ်ထပ်ဆောင်တစ်လုံး၊ မီးစက်အကြီး တစ်လုံး၊ ၁၅ ပေအမြင့် ကင်းစောင့် သစ်သားမျှော်စင်ငါးလုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေ အိပ်ဆောင်တန်းလျားတစ်လုံး၊ အလျား ပေ ၇၀၀၊ အနံပေ ၄၀၀၊ သွပ်ကာခြံဝင်းတစ်ခု၊ ALL IN ONE DESKTOP ကွန်ပျူတာ အလုံး ၃၀၊ STAR LINK ဗန်း ၁၀ ခု၊ AIR COOLER တစ်လုံး၊ XIAOMI ဝိုင်ဖိုင်စက်နှစ်လုံး၊ SOUND BOX တစ်လုံး၊ POWER STATION သုံးလုံး၊ ငွေရေတွက်စက် တစ်လုံး၊ ငွေကတ်ဖြတ်စက် သုံးလုံး၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ကျောက်မဲမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် တောင်ထိပ်ကျေးရွာအနီး ထပ်မံ၍ရှင်းလင်းရာ အဆိုပါနေရာ၏မြောက်ဘက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများ ဖြစ်သည့် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ ယနေ့တွင် အဆိုပါနေရာ၏မြောက်ဘက် တောင်ထိပ်ကျေးရွာ၏ တောင်ဘက်တွင် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ တောင်ထိပ်ကျေးရွာ၏ မြောက်ဘက်ရှိ ပုံဝိုးကျေးရွာ အနီးတွင်လည်း တရုတ်နိုင်ငံသား ရှစ်ဦးအားလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

## ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပ နိုင်ငံသားများအား လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။





ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများကို စက်ယန္တရားဖြင့် ဖျက်ဆီးနေစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အထက(၂)၌ ဒီဇင်ဘာ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသ ဆောင်ရွက်စဉ်။

မိုးဟိန်းထက်





စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်၌ နိုဝင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းဟန်နှင့်သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ရေကန်များ ရေဖြည့်ထားခြင်းရှိ/မရှိ စစ်ဆေးစဉ်။ မျိုးဝင်းညို (ကျွန်းလှ)

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု ပညာပေးဟောပြော

**ပခုက္ကူ ဒီဇင်ဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုဆိုင်ရာများ ကိုလည်းကောင်း၊ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန္ဒာအောင်က လိင်ပိုင်းနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြမ်းဖက်မှုပပျောက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။



ဟောပြောပွဲတွင် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောမှုများအပေါ် မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၄၀)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်

**အောင်လံ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ဒေသခံပြည်သူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က အောင်လံမြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် အောင်လံမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာသက်ခိုင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နေအိမ်များ၌ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့် စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် လိုက်လံသတိပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## လှိုင်လင်မြို့နှင့် လားရှိုးမြို့တို့တွင် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီက သက်သေများနှင့်အတူ လှိုင်လင်မြို့၊ ရပ်ကွက်(၂)၊ လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သက်ထွန်းအောင်(ခ)ရန်ကြီးအောင် မောင်းနှင်ပြီး ငြိမ်ချမ်းအောင်(ခ)နော်ဆိုင်းနှင့် သန်းနိုင်ဦး(ခ)အာရဏ်ဦးတို့လိုက်ပါလာသည့် TOYOTA HILUX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ကီလိုနှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် နော်ဆန်(ခ)အားဘုံ နေထိုင်သည့် လားရှိုးမြို့၊ ရပ်ကွက်(၅)ရှိ နေအိမ်အား ဆက်လက်ရှာဖွေရာ ၄င်းနှင့်အတူ အိုက်ထွန်း အားတွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် TOYOTA MARK X အမျိုးအစား မော်တော်ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၈၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် သက်ထွန်းအောင်(ခ) ရန်ကြီးအောင်(၃၆)နှစ်၊ ငြိမ်ချမ်းအောင်(ခ)နော်ဆိုင်း(၃၆)နှစ်၊ သန်းနိုင်ဦး(ခ)အာရဏ်ဦး(၄၃)နှစ်၊ နော်ဆန်(ခ)အားဘုံ(၄၂)နှစ်နှင့် အိုက်ထွန်း(၃၂)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။

## တန့်ယန်းမြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က သက်သေများနှင့်အတူ တန့်ယန်းမြို့နယ်၊ နမ့်ဟူးလွယ်ကာကျေးရွာအနီးတွင် စိုင်းညီညီဦး(ခ)စိုင်းရွှေအောင် မောင်းနှင်လာသည့် HONDA ODYSSEY အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အဆီ ၀ ဒသမ ၁၇ လီတာ၊ ကက်တမင်း အလေးချိန် ၁၃ ဒသမ ၅ ကီလိုနှင့် Erimin-5 ဆေးပြား ၂၆၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းညီညီဦး(ခ)စိုင်းရွှေအောင်(၃၆)နှစ်အား တန့်ယန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားသုံးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်၊ကလောမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားသုံးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၈ ရက် ည ၈ နာရီတွင် အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက် အောင်ပန်း-ဟဲဟိုးကားလမ်း မိုင်တိုင်အမှတ် ၇၉ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၀၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အောင်ပန်းမြို့၊ ရွာမကျေးရွာနေ ဦးအောင်နိုင်ဦး(၃၅)နှစ်မောင်းနှင်ပြီး တစ်ရွာတည်းနေကြသူများဖြစ်သည့် ဦးရွှေအိုး(၃၅)နှစ်၊ ဦးလှဆောင်(၅၀)နှစ်နှင့် ဦးရွှေစိုး(၄၀)နှစ်တို့ လိုက်ပါလာသည့် TOYOTA MARK X မော်တော်ယာဉ်သည် ဟဲဟိုးမြို့ဘက်မှ အောင်ပန်းမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ဘေးရှိ အုတ်ခုံအား ဝင်ရောက်တိုက်မိပြီး အဆိုပါနေရာအနီး ရပ်တန့်ထားသည့် DONGFENG ခြောက်ဘီးယာဉ်အား ထပ်မံတိုက်မိခဲ့သဖြင့် ဦးအောင်နိုင်ဦး၊ ဦးရွှေအိုးနှင့် ဦးလှဆောင်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးရွှေစိုးတွင် ဒဏ်ရာရရှိခဲ့သောကြောင့် အောင်ပန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တို့၌ နိုဝင်ဘာ ၂၉ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲတွင် မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မိုးကောင်းတံတား၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးကောင်းမြို့၊ အိုးတန်းရပ်ကွက်နေ ပိုင်စိုးဦး(၂၆)နှစ် မောင်းနှင်လာသည့် SURF မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပိုင်စိုးဦးအား မိုးကောင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ ညနေ ၅ နာရီ မိနစ် ၂၀တွင် ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ထီးရိုးကျေးရွာ၊ ရှမ်းရိုးမ မွေးမြူရေးဖုန်အနီး၌ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ခူးရှေးရယ်(၃၄)နှစ် မောင်းနှင်လာသည့် TOYOTA LANDCRUISER PRADO မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခူးရှေးရယ်အား ညောင်ရွှေမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ဘာသာဋီကာ ဆရာတော်ကြီး၏ ပြတိုက်

**သက်တော် ခုနစ်ဆယ့်ရှစ်နှစ်တိုင်ထိ (၇၈)**
**မုနိထွတ်ထား စောဘုရား၏**
**ဟောကြားမိန့်ဖော် တရားတော်ကို**
**ရေးဖော်ကျစ်လျစ် ခေတ်စနစ်နှင့်**
**ဆန်းသစ်တီထွင် ပညာရှင်သည်**
**ခုပင် ရှိနေဆဲပါဘုရား ...**

**လူသေဂုဏ်မသေ** ॥ ॥ လောက၏အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့ကြသော ဗုဒ္ဓမြတ်စွာ၊ အဂ္ဂသာဝကကြီးနှစ်ပါး၊ တတိယသာဝကဖြစ်တော်မူသော အရှင်မဟာကဿပ၊ ဝိနယ ဧတဒဂ်ရ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အစရှိသော အရှင်မြတ်ကြီးများသည် ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှာ နှစ်ပေါင်း ၂၅၆၉ ရှိခဲ့ချေပြီ။ သို့သော် ယခုအချိန်ထိ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ ပြုကြသော နတ်လူဗြဟ္မာ သတ္တဝါတို့သည် ကောင်းကျိုးစီးပွားကို ပေးတော်မူနိုင်ကြပါသည်။ အနာထပိဏ်သူဌေး၊ ဝိသာခါ၊ အဇာတသတ်မင်း၊ အသောကမဟာရာဇာတို့ မရှိသော်လည်း သူတို့၏သာသနာပြု လမ်းစဉ်တို့ကို ယခုခေတ် သာသနာပြု ဥပါသကာ၊ ဥပါသိကာမတို့ အတုယူနိုင်ကြစေရန် စံပြုခဲ့ကြပါသည်။ "လူသေ်ကားသေ ဂုဏ်မသေဘဲ· အရှည်ကျစ်လျစ်· ကောင်းကျိုးဖြစ်သည်··· စင်စစ်သူတော်ဂုဏ်များတည်း" ဟု ဆိုရပေမည်။ ရှေးသူတော်ကောင်းကြီးများနည်းတူ သာသနာတော်နှင့် နိုင်ငံတော်ကို စာပေဖြင့် မြှင့်တင်တော်မူခဲ့သည့် အမရပူရမြို့ ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြု မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး လွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၄၈ နှစ် ကျော်လွန်လေပြီ။ သို့သော် ကျမ်းပြုဆရာတော်ကြီးကား ယခုထက်တိုင် တည်ရှိနေပါသေးသည်ဟု ဆိုလျှင် အများပင် လက်ခံကြပေလိမ့်မည်။

**ယခုထက်တိုင်တည်ရှိ** ॥ ॥ အကြောင်းကား ပိဋကတ်သင်ယူသူ ရဟန်းရှင်လူအားလုံးတို့သည် ဆရာတော်ကြီး၏ အခြေပြုကျမ်းစာများ၊ ဘာသာဋီကာကျမ်းစာကြီးများကိုသာ အားကိုး သမှီငြမ်းပြုကာ ပို့ချသင်ယူရေးသား ဟောပြနေကြခြင်းကြောင့် ဖြစ်ပါသည်။ "ဘုန်းကြီးကျမ်းစာတွေက ဘုန်းကြီးမရှိတဲ့နောက်မှ ပိုတွင်ကျယ်မှာ၊ နှစ်ပေါင်း(၁၀၀)အထိ သာသနာတော်မှာ သုံးနေရမှာ၊ နှစ်(၁၀၀)လွန်လို့ ခေတ်နဲ့မညီရင်တော့ ဘုန်းကြီးကိုယ်တိုင် လာပြင်ရမှာ" ဟူသော မိန့်ကြားချက်ကို မိမိ(ဤစာရေးသူ)လို ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ဆယ်နှစ်ဆယ်မိုး အတူနေတပည့်ကြီးများ မကြာခဏ ကြားနေကြရပါသည်။ "လူကြီးစကား ကြီးကာမှကြား" ဆိုသလို ထိုစဉ်က ကြားကာမတ္တသာ၊ ဆိုလိုရင်း စကားအဓိပ္ပာယ်ကို ဆင်ခြင်တုံထား စဉ်းစားခြင်းမရှိခဲ့ပါ။ ယခုသော်ကား များများကြီး ကြားရသိရပါပြီ။

**ပို့ချသင်ယူကြ** ॥ ॥ ယခုအချိန်ဝယ် ထိန်ထိန်သာနေသော လမင်းကြီးပမာ ဘာသာဋီကာ ကျမ်းစာကြီးများ ထွန်းလင်း တောက်ပနေပေပြီ။ ထိုကျမ်းစာများ၏ အရေအတွက်မှာ (၆၃) ကျမ်းရှိ၏။ ခေတ်နှင့်လည်းလျော်ညီ၊ တွင်လည်းတွင်ကျယ်၊ အသုံးလည်းများသော ကျမ်းစာပေါင်းများစွာ ရေးသားနိုင်ခြင်းမှာ ဆိုင်ရာအကြောင်းကောင်းများနှင့် ပြည့်စုံနေလို့သာဟု မှန်းဆကြည့်ညိုနိုင်ပါသည်။ ထိုအကြောင်းတို့မှာ -

**၁။ ဝိနည်း ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ခြင်း၊**
**၂။ ဉာဏ်ထက်မြက်ခြင်း၊**
**၃။ သမာဓိအားကောင်းခြင်း၊**
**၄။ ဆိတ်ငြိမ်မှု ဝိဝေကရခြင်း၊**
**၅။ ဆရာတော်၏ ကျောင်းဆောင်နှင့် ကျောင်းတိုက်တစ်တိုက်လုံးအလွန်သန့်ရှင်းပြီး ရေစီးရေလာကောင်းခြင်း၊ လေကောင်းလေသန့် ရရှိခြင်း၊**
**၆။ လာဘ်လာဘရလိုမှု၊ ကျော်ကြားလိုမှု မရှိခြင်း၊**
**၇။ ဒကာ၊ ဒကာမများ လာရောက်မှု အလွန်နည်းပါးခြင်း**
**၈။ ကျန်းမာရေး အထူးစောင့်ရှောက်ခြင်း၊**
**၉။ တပည့်များ၏ ကူညီရေးသားမှု ရှိခြင်း၊**
**၁၀။ စားသောက်ဘုဉ်းပေးရာဝယ် အတိုင်းအရှည် ပမာဏကို သိတော်မူခြင်း** တို့ ဖြစ်ပါသည်။

**အလုပ်ဘုန်းကြီးပါ** ॥ ॥ မိမိကား ဆရာတော်ကြီး၏အနီးမှာနေရသည့်အတွက် ဒကာ၊ ဒကာမများနဲ့ ဆက်ဆံပုံကို သိရ၏။ "ဆရာတော် ဘုရား··၊ တပည့်တော်တို့က ဆရာတော်ကို ဖူးချင်လို့ လာခဲ့ကြပါတယ် ဘုရား၊ မည်သည့် မြို့နယ်ကပါ ဘုရား" ဟု လျှောက်ထားကြရာ··· အနည်းငယ်ပြုံးပြီး "ဘုန်းကြီးက အဖူးခံ အကြည့်ခံ ဘုန်းကြီးမဟုတ်ဘူး၊ အလုပ်ဘုန်းကြီးပါ" ဟု ပြောပြီး "ငါးပါးသီလ လုံအောင်နေကြ၊ တရားသဖြင့် စီးပွားရှာကြ၊ နောက်ဂတိတွေရှိသေးတယ်၊ မျှော်တွေးထားကြ၊ ကဲ ··· ကဲ··· ကျောင်းထဲလှည့်ကြည့်ကြ၊ ဘုန်းကြီးစာရေးလိုက်ဦးမယ်" ဟု ပြန်သွားစေကာ ရေးလက်စကျမ်းစာကိုသာ ဆက်လက်ရေးသားတော်မူပါသည်။

ဆရာတော် သီတင်းသုံးရာ ကျောင်း၏ သန့်ရှင်းပုံနှင့် သန္တုဋ္ဌိ သလ္လေခဖြစ်ပုံမှာ ရှာမှရှား အတုယူ မှတ်သားလိုက်နာသင့်ပါသည်။ တပည့်ကိုရင် ဦးပဉ္စင်းများသည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နေ့စဉ်နှစ်ကြိမ် သန့်ရှင်းကြရသည်။ အဖိတ်နေ့၌ကား အထူးသန့်ရှင်းကြရပါသည်။

ကျောင်းတိုက်အတွင်း အသုံးအဆောင်ပစ္စည်းများမှာ အတွင်းအခန်း၌ ကျိန်းစက်ရာ ခုတင်တစ်လုံး၊ ခေါင်းအုံးတစ်လုံး၊ ဖျင်ကြမ်းအခင်းတစ်ထည်၊ ခုတင်ခြေရင်း ကြိုးတန်း၌ မျက်နှာသုတ်တဘက် တစ်ထည်၊ ပထမကျော်ရစဉ်က ဝိုင် · အမ် · ဘီ· အေ အသင်းကြီးက လှူဒါန်းသော ဗီရိုတစ်လုံး၊ ၄င်း ဗီရိုအပေါ်ထပ်၌ ကျမ်းစာအုပ်များ၊ အောက်အခန်း၌ လဲလှယ်ဖို့ သင်္ကန်းတစ်စုံ အယ်ဘာရတီ သုံးခဲထိုး လက်နှိပ်မီးတစ်ခု၊ ပိဋကတ်ကျမ်းစာထည့်ရန် ဗီရိုငယ်နှစ်လုံး၊ မတ်ရပ်စာရေးစားပွဲတစ်လုံးနှင့် အတွင်းစကြံ ရှေ့ဘက်၌ ကုလားထိုင်တစ်လုံးသာ ရှိ၏။ နာရီ လုံးဝမရှိပါ။ ဓာတ်ပုံ သုံးပုံသာ ရှိ၏။ မြောက်ဘက် အပြင်စင်္ကြံ၌ တန်းလျားခုတင်လေး တစ်လုံး။ ကုဋီ ရေချိုးခန်းနှင့် ဆက်သွယ်ထားသော လက်ဝဲဘက်၌ သောက်တော်ရေ ရေတကောင်းတစ်လုံးသာ ရှိလေသည်။ ကုဋီ ရေချိုးခန်း၌ကား ကုဋီ ကြွေခွက်တစ်လုံး၊ လက်ဆေးကန် တစ်ကန်နှင့် ခွေအခါ ခေတ္တနားနေဖို့ ပက်လက်ဝါးကုလားထိုင် တစ်လုံးသာ ရှိ၏။ အခြားအသုံးအဆောင်များ ဘာမျှမရှိပါ။

**ကျောင်း နှစ်ကျောင်း** ॥ ॥ အစစ်ကျောင်းနဲ့ အတုကျောင်း နှစ်ကျောင်းတွင် "အစစ်ကျောင်း" ဟူသည် ဆရာတော်ရှိစဉ်က သုံးစွဲခဲ့သော ကျောင်းဟု ဆိုလိုပါသည်။ "အတုကျောင်း" ဟူသည် ယခုနောက်ပိုင်း ထိုထိုနေရာမှာ တွေ့တွေ့သမျှ ဓာတ်ပုံများ၊ ကြေးရုပ်တု၊ ပန်းချီကား၊ စားပွဲနဲ့ ကုလားထိုင် (တို့နောက်) စသည် စသည်ထက်အောက် စုံအောင်ထည့်ပြထားသောကျောင်းကို ဆိုလိုပါသည်။

ဆရာတော်ကြီးရှိစဉ်က အိန္ဒိယမုပဏ္ဍိက်နေရှူးကြီး၊ ခရစ်ယာန်သာသနာပိုင်၊ ကိုရီးယားသာသနာပိုင်တို့ ရောက်လာကာ ဆရာတော်နှင့် တရားဆွေးနွေးကြပါသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ဆရာတော်ကြီး၏ ကျောင်းလေးနှင့် မေတ္တာသံပါပါ ဆွေးနွေးဖြေကြားသော တရားတို့ကို လွန်စွာနှစ်သက်ကြပါသတဲ့။

ယခုကဲ့သို့အသုံးဆောင်ပစ္စည်းများ ဝရန်တာမှာ သင်္ကန်း၊ မျက်နှာသုတ်ပဝါများ လွှားထား၊ လှန်းထားသည်ကို တွေ့ရမြင်ရလျှင် နှစ်သက်ကြည်ညိုဖို့မှာ ခက်ခဲလှပါသည်။ ထို့အတူ အဝေးရောက်တပည့်ကြီးများ မိခင်ကျောင်းတိုက်ရောက်ခိုက် ဆရာတော်ကို သွားရောက်ဝတ်ပြုမည်ဟုပြောကာ ပြတိုက် (ခေါ်) ဆရာတော်ကျောင်းလေးပေါ်သို့ရောက်ရင် ကြည့်ဖွယ်အစုံ အဖုံဖုံသော အာရုံတွေကြောင့် ဦးသုံးကြိမ်တိုက်ဖို့ပင် ခက်ခဲစွာ ပြန်လည်ဆင်းကြရပါတော့သည်။

**အတုယူကြ** ॥ ॥ ဆရာတော်ကြီး၏ကျောင်းလေးပေါ်၌ အလွန်သန့်ရှင်း၏။ ပစ္စည်းအပိုတွေ မရှိ၊ ဆရာတော်သည် အသုံးအဆောင်၌ ရောင့်ရဲမှု သန္တုဋ္ဌိ၊ ခြိုးခြံစွာကျင့်မှု သလ္လေခအကျင့်ကို လွန်စွာ အလေးထားတော်မူ၏။ အတ္တဟိတ ပရဟိတကို တကယ့်တကယ် ဆောင်နေကြသော သူတော်ကောင်းကြီးတို့ကို အသုံးအဆောင်ခမ်းနားမှုဖြင့် ဂုဏ်မယူကြစေဘဲ ရောင့်ရဲမှု၊ ခြိုးခြံမှု အကျင့်ကောင်းဖြင့်သာ ဂုဏ်ယူကြစေရန် တူပါသည်။

ဆရာတော် လွန်တော်မူခါနီး ရက်ပိုင်းမှာ ကျောင်းလေး၏ အနောက်ဘက် တောင်ဆုံးအခန်း၌ ခါးပန်းတစ်ချောင်း ခြပုန်းစားနေသည်ကို သိ၍ လက်သမားကို အခွာခိုင်းလေရာ "ခါးပန်းတွေ အားလုံးလဲမှ ကောင်းမှာပါဘုရား" ဟု လျှောက်ထားလျှင် "တော်ပြီ တော်ပြီ ဒီတစ်ချောင်းတော့လဲလိုက်၊ ဒါဆို ဘုန်းကြီးတစ်သက်ခိုင်ပြီ" မိန့်တော်မူသည်ကို မိမိကိုယ်တိုင် ကြားလိုက်ရ၏။ သစ်သားလေးတစ်ချောင်းဖြင့် ကျောင်းနံရံကို ကပ်၍ရိုက်စေခြင်းသည်ပင် စဉ်းစားတတ်သူအဖို့ "ပရိဘာသာ" ညွှန်ပြချက်ဖြစ်လာသည်။ "ပရိဘာသာ" ဟူသည်မှာ တစ်နေရာဝယ် နမူနာပြရုံမျှဖြင့် နေရာတိုင်း နေရာတိုင်း အတုယူလိုက်နာရန် ညွှန်ပြချက်ဥပဒေတစ်ရပ် ဖြစ်သည်။ ရေမီးသုံးစွဲပုံမှစ၍ အစစအရာရာ ခြိုးခြံချွေတာကာ သုံးစွဲကြရန် ညွှန်ပြတော်မူလိုခြင်းပင် ဖြစ်ပါသည်။

**အထူးလျှောက်ထား** ॥ ॥ ဤဆောင်းပါးဖြင့်အထူးလျှောက်ထား အထူးအကြံပြုလိုသည်မှာ ပြတိုက် (ခေါ်) ဆရာတော်၏ ကျောင်းငယ်လေးကို ရိုးရာနဂိုအနေတည်ရှိစေပြီး မည်သည့်ပုဂ္ဂိုလ်မှ ထိုကျောင်းလေးပေါ်မှာ နားနေခွင့် အိပ်စက်ခွင့်မပြုဘဲ စောင့်ရှောက်ပေးကြရန် ဖြစ်ပါ၏။ ထိုကိစ္စအတွက် အမြန်-အမှန် ပြီးစီးအောင်မြင်ပါစေသား။ (ဤဆောင်းပါးဖြင့် ၄၈ နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီးအား ပူဇော်ပါသည်)။

**ကေစွံ ပေါရာဏံ သုဘံ၊ န ကေစွံ နဝံ နဝံ၊**
**ထေရဘောဂံ ပကာသေယျ၊ အလင်္ကာရံ ဝိဝဇ္ဇယံ။**

ကေစွံ - အချို့အဆောက်အအုံ၊ လူသုံးကုန်သည်၊ ပေါရာဏံ - ရှေးမူမပျက် အဆက်ဆက်ဖြင့် ယွင်းချက်မသွေ တည်ရှိနေမှသာ၊ သုဘံ - ပညာနည်းယူ၊ နောက်နှောင်းလူတို့၊ ရှေးမူနိသျှည်း၊ ပညာကြီးသဖြင့်၊ တုမှီးယူစရာ၊ ချိန်ခါကြာညောင်း ခေတ်တွေပြောင်းလည်း အိုကောင်းရှုမငြီး၊ တန်ဖိုးကြီး၍၊ သိုမှီးထိုက်ပေ၊ လှပနေ၏။ နဝံ နဝံ-ခေတ်စနစ်မီ၊ လိုက်ထွေညီအောင်၊ တီထွင်ဆန်းသစ်၊ အသစ်အသစ်ဖြစ်သော၊ ကေစွံ-အချို့အဆောက်အအုံ လူသုံးကုန်ပစ္စည်း၊ နည်းနည်းပါးပါးသည်၊ နသုဘံ-ရှေးကပညာ၊ မရပါသဖြင့်၊ သာယာရှုဖွယ်၊ မတင့်တယ်ပါ၊ အလင်္ကာရံ-ပုံတော်အစုံစုံ ခုံတွေကိုစု တန်ဆာဆင်မှုကို၊ ဝိဝဇ္ဇယံ-ဝိဝဇ္ဇယန္တော-မပြုရှောင်ကြဉ်ဉာဏ်ဖြင့် ယှဉ်လျက်၊ ထေရာစာရံ-ထေရ်မြတ်သုံးပြီး၊ နည်းနည်းပါးပါး ပစ္စည်းကိုသာ၊ ပကာသေယျ-ဆရာ သုံးစဉ်မူလသွင်သို့ ပြင်ဆင်သေချာ၊ ပြလေရာ၏။

*** တို့ထေရ်ဆရာ၊ ကျောင်းဝိဟာ၌**
**ငါးဖြာအာရုံ လှမစုံ၍**
**အာရုံတွေများ မခမ်းနားပါတကား။**
*** ပိုင်းခြားလေးခန်း ကျောင်းသခ်မ်းတည်း။**
**ထူးဆန်းသည်မှာ အံ့ဖွယ်ရာကား**
**ဗုဒ္ဓါနုဿတိ ပွားဘိမေတ္တာ**
**ခန္ဓာ အနိစ္စ ဒုက္ခ အနတ္တာ**
**ပွားများရာပါတကား၊**
*** မှတ်ရာတလီ တိုင်းနေပြည်နှင့်**
**များမိုစရာ သာသနာကို**
**ရှည်ကြာအကောင်း တည်စေကြောင်းဖြင့်**
**နည်းကောင်းဆန်းကျယ် ရေးကာခြယ်၍**
**ခြောက်ဆယ် သုံးကျမ်း အံ့မခန်းသည်..**
**ထူးဆန်း အောင်မြေပါတကား။**
*** သို့ကလိုဂုဏ်ရှိ အသိမှန်လတ်**
**ထေရ်ရှင်မြတ်တို့ ထူးမှတ်စုံစုံ**
**ဖုံဖုံပစ္စည်း မသိမ်းဘဲ**
**ရှေးနည်းတိုင်းသာ ရှိစေပါမူ**
**ကမ္ဘာပြတိုက် တန်ဖိုးထိုက်မည်**
**ဦးခိုက်လျှောက်ထားခြင်းပါ ဘုရား။** ॥

**ဘာသာဋီကာဆရာတော်ကြီး၏**
**မဟာထေရ်တပည့်ကြီး**

# နိုင်ငံတကာ အားကစား သတင်းများ



## အေစီမီလန်အသင်း ပြိုင်ပွဲစုံ ၁၃ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

**မီလန် ဒီဇင်ဘာ ၁**

အေစီမီလန်အသင်းသည် ပြိုင်ပွဲစုံ ၁၃ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

စီးရီးအေပွဲစဉ်အဖြစ် အေစီမီလန်အသင်းသည် လာဇီယို အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အေစီမီလန်အသင်း နည်းပြ အယ်လီဂရီက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနှင့်အတူ ဆုဖလားများ ရယူသိမ်းပိုက်နိုင်ဖို့လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ် ၁၃ ပွဲကစားအပြီးတွင် ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

## ဂျက်ဟင်ရှယ်လ်ဝုဒ်သည် ဘရိုက်တန်အသင်းတွင် ဆက်ရှိမည်

**လန်ဒန် ဒီဇင်ဘာ ၁**

ကွင်းလယ်ကစားသမား ဂျက်ဟင်ရှယ်လ်ဝုဒ်သည်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင် ဆက်ရှိသွားမည်ဟု ဘရိုက်တန်အသင်းက အတည်ပြုသည်။

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းကအသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျက်ဟင်ရှယ်လ်ဝုဒ်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ကိုး ဂိုး သွင်းယူထားသည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် "ဂျက်ဟင်ရှယ်လ်ဝုဒ်ကအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်ထားသည်။

(အောက်ပုံ)

(NGB)



## အီဂေါ်သီယာဂိုကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁**

အက်စတွန်ဗီလာအသင်းသည် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး အီဂေါ်သီယာဂိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းအား ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းကလည်း အီဂေါ်သီယာဂိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။



ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းထံမှ အီဂေါ်သီယာဂိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ကိုနာတေးကို စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁**

လီဗာပူးအသင်းသည် အသင်းနောက်ခံကစားသမား ကိုနာတေးကို စာချုပ်သက်တမ်း တိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၀ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "ကိုနာတေးကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ထားသည်။

(အောက်ပုံ)

(NGB)



## ပေါလ်စခိုးလ်၏ ပရီးမီးယားလိဂ်ဂိုးဖန်တီးမှု စံချိန်ကို ဘရူနိုဖာနန်ဒက်စ် ကျော်ဖြတ်နိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၁**

မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် အသင်းဂန္ထဝင်ကစားသမားဟောင်း ပေါလ်စခိုးလ်၏ ဂိုးဖန်တီးမှု စံချိန်ကို ကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။





အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးစလုံး ဖန်တီးပေးနိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်း တစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၄ပွဲကစားပြီး ဂိုး ၁၀၀ အထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## နည်းပြ သောမတ်ဖရန့်စ်ကို စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် ဒီဇင်ဘာ ၁**

စပါးအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ သောမတ်ဖရန့်စ်ကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။ (ဝဲပုံ)

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ပွဲကစားအပြီးတွင် ရမှတ် ၁၈မှတ်ဖြင့် အဆင့် ၁၂နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားလျက်ရှိခြင်းကြောင့် နည်းပြ သောမတ်ဖရန့်စ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိသည်။

နည်းပြ သောမတ်ဖရန့်စ်သည် စပါးအသင်းကို ၂၀၂၅ခုနှစ် ဇွန် ၁၂ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၁ပွဲတွင် ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြသောမတ်ဖရန့်စ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း စပါးအသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား ဝါတွန်ကို စတာလင်ပေါင် သန်း ၇၀ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* စီးရီးအေပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရိုးမားအသင်းနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နာပိုလီအသင်းက ရိုးမားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

## 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Varvara Lepchenko တက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၁**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်မယ် Varvara Lepchenko တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Varvara Lepchenko သည် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီဂျစ်တင်းနစ်မယ် Mayar Sherif ကို ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Varvara Lepchenko နှင့် ဟန်ဂေရီတင်းနစ်မယ် Panna Udvardy တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၁၂-၂၀၂၅<br>နံနက်၀၂း၀၀နာရီ | ဘုန်းမောက် - အဲဗာတန်<br>(W,L,L,D,L) (L,D,W,W,L) | ဘုန်းမောက် ၁-၀ အဲဗာတန်<br>အဲဗာတန် ၀-၃ ဘုန်းမောက် |
| ॥ | ဖူလ်ဟမ် - မန်စီးတီး<br>(W,W,L,W,W) (W,W,L,L,W) | ဖူလ်ဟမ် ၀-၂ မန်စီးတီး<br>မန်စီးတီး ၃-၂ ဖူလ်ဟမ် |
| ၃-၁၂-၂၀၂၅<br>နံနက် ၀၂း၄၅နာရီ | နယူးကာဆယ် - စပါး<br>(W,L,W,L,W) (W,D,L,L,L) | စပါး ၁-၁ နယူးကာဆယ်<br>နယူးကာဆယ် ၂-၀ စပါး |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၁၂-၂၀၂၅<br>နံနက် ၀၂း၃၀နာရီ | ဘာစီလိုနာ - အက်သလက်တီကို<br>(D,W,W,L,W) (W,W,W,W,W) | ဘာစီလိုနာ ၄-၄ အက်သလက်တီကို<br>အက်သလက်တီကို ၂-၄ ဘာစီလိုနာ |

# လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး (Door to Door) စနစ်ဖြင့် မဲစာရင်းများ ကွင်းဆင်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ကျောက်ဆည် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး သည် နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာအစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ မဲစာရင်းများမှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် တွေ့ဆုံပြီး (Door To Door) စနစ်ဖြင့် မဲစာရင်းများ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။



ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ကျောက်ဆည်မြို့နယ်၊ ကြက်မင်းတွန်ရပ်ကွက်၊ အင်ဒိုင်းကျေးရွာအုပ်စု ၊ ကုလားကျောင်းကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၊ သံရွာကျေးရွာအုပ်စုများသို့ သွားရောက်၍ မဲစာရင်းမှန်ကန်စေရေး (Door To Door) ဖြင့် ကွင်းဆင်းဆောင်ရွက်နေမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)

# မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော တိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ခရိုင်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးမှူး ဒေါက်တာဝင်းဦးက အင်အားပြင်း မန္တလေးငလျင်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သော လယ်ဝေးမြို့နယ်မှ ပိုင်ရှင်နှစ်ဦး၏ အသားတိုးကြက် ၉၇၉၁ ကောင်၊ ပျဉ်းမနားမြို့နယ်မှ ပိုင်ရှင်တစ်ဦး၏ အသားတိုးကြက် အကောင် ၉၀၀၊ စုစုပေါင်း အသားတိုးကြက် ၁၀၆၉၁ ကောင်အား ပိုင်ရှင်များထံ ပြန်လည်ဖြည့်ဆည်းပေးအပ်ခဲ့သည်။

ထို့နောက် တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ခဲ့သည့် ဒေါက်တာကိုကိုနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ယခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ အထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဆီထွက်သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဧက ၂၀၀၈၀ အထိ စိုက်ပျိုးပြီးစီးခဲ့သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ စိုက်ဧက ၃၄၉၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်ပျိုးပြီးစီးမှုအနေနဲ့ နေကြာ ၄၁၅၀ ဧက၊ မြေပဲ ၁၅၅၀ ဧက၊ နှမ်းဧက ၁၄၃၈၀၊ စုစုပေါင်း ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံအလိုက် လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေကို ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ဖို့နဲ့ စိုက်ပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးရေး သွင်းအားစုတွေ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။



စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊စိုက်ပျိုးရေး နည်းပညာမျှဝေပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေးစသည့်လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းတို့ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

# ပိတောက်ကုန်းကျေးရွာအုပ်စုတွင် မိုးစပါးစံကွက်ရိတ်သိမ်း

**အောင်လံ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့နယ်၊ ပိတောက်ကုန်းကျေးရွာအုပ်စု၊ကွင်းအမှတ်(၇၆-က) ပန်းမတကွင်းအား ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိတောက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၆-က)တွင် တောင်သူ ဦးထွန်းမြင့်၏ စပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းခဲ့ရာ အောင်နိုင်တိုး စပါးမျိုး(အစိုထွက်)အထွက်နှုန်း တင်း ၁၀၀ ဒသမ ၂၂ တင်း ထွက်ရှိခဲ့သည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

# သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သူဌေးကုန်းကျေးရွာမှ သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် ဘက်စုံခြံအတွင်း အစာတောင့်စက်ရုံ တည်ဆောက်နေမှုအခြေအနေများနှင့် ရာသီသီးနှံများ စိုက်ပျိုးမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က သူဌေးကုန်းကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် တိရစ္ဆာန်အစာတောင့်စက်ရုံ စက်အထိုင်ချနေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အမြန်ဆုံး ဆောင်ရွက်ပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန်နှင့် ဆောင်းသီးနှံ မတ်ပဲ ၁၈ ဧက၊ ရွှေမျှင်ပြောင်း ငါးဧက၊ ပန်းဂေါ်ဖီ တစ်ဧက တို့အား ရာသီချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ အသားတိုးကြက်အကောင် ၄၀၀၀ ဆံ့ ခြံအသစ်ပြန်လည်တည်ဆောက်နေမှုတွင် အစာခွက်၊ ရေခွက်များ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြက်ပေါက်များ အမြန်ဆုံး ထည့်သွင်းမွေးမြူနိုင်ရေး သက်ဆိုင်ရာကုမ္ပဏီနှင့်ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အသစ်ဝင် နှမ်းနက်များ ဝယ်လိုအားကောင်းသော်လည်း ဈေးအနည်းငယ်ကျဆင်း

နှမ်းနက်များ နယ်စုံမှ ဈေးကွက်တွင် ဝင်ရောက်လျက်ရှိရာ အရောင်းအဝယ်သွက်သော်လည်း ဈေးအနည်းငယ်ကျဆင်းသွားကြောင်း ကုန်သည်များထံမှ သိရသည်။

နိုဝင်ဘာလကုန်ပိုင်းတွင် အသစ်ဝင် နှမ်းနက်များသည် မန္တလေးဈေးကွက်တွင် အရောင်းအဝယ်သွက်နေခြင်း ဖြစ်သည်။

ပို့ကုန်ပဲများ အရောင်းအဝယ်အေးနေသောကြောင့် ဈေးကျဆင်းမှုများရှိနေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်အရောင်းအဝယ်ရှိသော်လည်း ဈေးကျဆင်းနေကြောင်း မြေပဲဆီဆန်များမှာ ဆီစက်ပိုင်များ ဝယ်လိုအား ကောင်းနေခြင်းကြောင့် အရောင်းအဝယ်သွက်နေပြီး ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော်အထိ ဈေးကောင်းရရှိနေကြောင်း၊ ပဲမာလိုင်းများတွင် ပဲကြီးမှာ ဈေးအမြင့်ဆုံး ပေါက်ဈေးဖြစ်လာကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

"အသစ်ဝင် နှမ်းနက်တွေ နယ်စုံကနေ ဝင်လာတော့ ယခင်ပတ်ထက် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ ခန့် ဈေးကျဆင်းသွားပါတယ်။ နှမ်းနက်အရည်အသွေးလိုက် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၀-၇၈၀၀၀၀ ပေါက်ဈေးရှိပြီး ပို့ကုန်သမားတွေ အဝယ်ကောင်းနေပါတယ်။ မြေပဲဆန်ဈေးကလည်း ပဲဖတ်ဈေးကောင်းနေလို့ အဝယ်သွက်နေတာပါ။ ပဲမာလိုင်းများမှာ ပဲကြီး တစ်မျိုးသာ လက်ကျန်နည်းလို့ ဈေးကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၁ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေး မြင့်တက်လာရာ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၁ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၁ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၀-၇၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ရွှေမန်း

*-*-*-*-*





## ရွှေကောက်ပွဲဆိုင်ရာ မဲစာရင်းများ မှန်ကန်မှုရှိစေရေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်နှင့် အနီးပ်တော်ရပ်ကွက်များတွင် ရွှေကောက်ပွဲဆိုင်ရာ မဲစာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုများကို နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါရပ်ကွက်များတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေကောက်ပွဲဆိုင်ရာ မဲစာရင်းများမှန်ကန်စေရေးအတွက် (Door to Door)စနစ်ဖြင့် ဆောင်ရွက်နေမှုများ၊ မဲစာရင်းကြေညာထားမှုများ၊ ပန်းခင်းစီမံချက်(၃)ချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က မဲစာရင်းမှန်ကန်မှုရှိစေရေးနှင့် ပန်းခင်းစီမံချက် လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၃)

## မကွေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ပညာသင်စရိတ်ထောက်ပံ့မှု အကျိုးခံစားခွင့်များ ပေးအပ်

**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ အလုပ်သမားဝန်ကြီးဌာန၊လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးငလျင်ဘေးသင့် အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သား၊ သမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့မှု အကျိုးခံစားခွင့် ၁၀ ရာခိုင်နှုန်း ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့မှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးမှ အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

မကွေးတိုင်းဒေသကြီးအတွင်း အကျုံးဝင်အလုပ်ဌာန ၁၄၀၈ နှင့် အာမခံအလုပ်သမား ၁၈၀၄၇ ဦး ရှိရာ မကွေးမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၂၇၄ ဌာနနှင့် အာမခံအလုပ်သမား ၄၃၈၀ ဦးရှိသည့်အနက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအတွက် အလုပ်ဌာန ၈၈ ဌာနမှ အာမခံအလုပ်သမား ၁၅၃၆ ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၁၄၃,၉၈၉,၃၅၄/၈၀ နှင့် ပညာသင်စရိတ် အကျိုးခံစားခွင့် ၁၀ ရာခိုင်နှုန်းအတွက် အလုပ်ဌာန ၁၃၂ ဌာနရှိ အာမခံအလုပ်သမား ၇၉၉ ဦး၏ သား၊သမီး ၁၀၉၉ ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၄၄,၁၉၀,၀၀၀၊ စုစုပေါင်း ငွေကျပ် ၁၈၈ ဒသမ ၁၈ သန်းအား တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးမှ အလုပ်ဌာနများကိုယ်စား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



## ယခု ဘဏ္ဍာနှစ် ခုနှစ်လအတွင်း ဆန်တန်ချိန် ၁၅ သိန်းကျော် ပြည်ပသို့ တင်ပို့ထား

**မန္တလေး ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်များတင်ပို့လျက်ရှိရာ ယခု ဘဏ္ဍာနှစ်၏ ခုနစ်လအတွင်း ဆန်တန်ချိန် ၁၅ သိန်းကျော်ကို ပြည်ပသို့ တင်ပို့ထားပြီး တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူနေသည်။

တရုတ်နိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းပိုင်းဖြင့် မြန်မာ့ဆန်ကို



အဓိကဝယ်ယူလျက်ရှိရာ ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန်ပေါင်း သုံးသိန်းကျော်ရှိသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

"မြန်မာ့ဆန်အများဆုံးဝယ်နေတဲ့ အင်ဒိုနီးရှားနိုင်ငံက ယခုဘဏ္ဍာနှစ်မှာ ဝယ်လိုအား ကျသွားတယ်။ ဒုတိယအများဆုံးဝယ်တဲ့ ဖိလစ်ပိုင်ကလည်း စက်တင်ဘာလနောက်ပိုင်း ပြည်ပဆန်ဝယ်ယူမှု ရပ်နားထားတယ်။ လက်ရှိမှာ နိုင်ငံတကာ ဆန်ဈေးကွက် ဈေးနှုန်းကျဆင်းနေပါတယ်"ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် ပြည်တွင်း စပါးဈေးမှာလည်း စပါးအမျိုးအစားအလိုက် အနည်းငယ်ဈေးမြင့်လာသဖြင့် တောင်သူများ ဈေးကောင်းရလာသည်ဟု စပါးဈေးကွက်မှ သိရသည်။

ပြည်ပသို့ ဆန်တင်ပို့မှုတွင် ယခင်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် တစ်သိန်းခွဲ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာ့ ဆန်၊ ဆန်ကွဲကို အင်ဒိုနီးရှားမှ အများဆုံးနှင့် ဖိလစ်ပိုင်မှ အများဆုံး ဝယ်ယူပြီး ယခုဘဏ္ဍာနှစ် ခုနစ်လတွင် တရုတ်မှ အများဆုံး ဝယ်ယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-ဇ)

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ(၂၀)

ရက္ခိတ(ရှေး/သု)



ခဲသွန်း ဟင်္သာတံခွန်တိုင် ဌာပနာ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဘာသာရေးအရ လောကီလောကုတ်နှစ်ဖြာသော အကျိုးရရှိစေရန်အတွက် ကောင်းမှုကုသိုလ်အဖြစ် ဘုရား၊ ပုထိုး ၊စေတီ၊ကျောင်း၊ကန်တွေကို သဒ္ဓါထက်သန်စွာ တည်ဆောက်လှူဒါန်းကြလေ့ ရှိပါတယ်။ အဲ့ဒီလို တည်ဆောက်ကြတဲ့ အခါမှာလည်း ခေတ်ဦးပိုင်းမှာ ဓာတုစေတီယ ပရိဘောဂစေတီတို့ကို တည်ဆောက်ကိုးကွယ် ပူဇော်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ဓမ္မစေတီနဲ့ ဥဒ္ဒိဿစေတီတို့ကို ရည်မှန်းကာ တည်ဆောက်လာကြပါတယ်။ အဲ့ဒီလို တည်ဆောက်ကြတဲ့ အခါမှာ ဘုရားဟော ဓမ္မတွေကို ရွှေ၊ငွေပေလွှာတွေပေါ်မှာ ရေးကူးပြီး ထည့်သွင်းပူဇော်တာတွေ၊ မြတ်ဘုရားကိုယ်စားတော် ဆင်းတုတော်နဲ့ ရုပ်ပွားတော်များကို ထည့်သွင်းပူဇော်တာတွေ ပြုလုပ်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ လူ့သဘာဝအတိုင်း ရွှေ၊ ငွေ အဖိုးတန်ပစ္စည်းတွေအပြင် ဗုဒ္ဓဝင်ဆိုင်ရာ ထင်ရှားတဲ့ဇာတ်တော်တို့ရဲ့ ထင်ရှားတဲ့ ဇာတ်ရုပ်များကို ထပ်တိုးထည့်သွင်း ဌာပနာ လာခဲ့ကြပါတယ်။ အဲ့ဒီထက်ပိုပြီး နောက်ပိုင်းကာလမှာတော့ ဘုရားနဲ့မသက်ဆိုင်တဲ့ ဘိုးတော်တွေ၊ ဘုရင်တွေ၊ ဓာတ်လုံးတွေ၊ စသဖြင့် စိတ်ကူးပေါက်ရာတွေကိုပါ ထည့်သွင်းဌာပနာခဲ့ကြတာကို တွေ့လာခဲ့ရပါတယ်။ ရှေးက ပုဂ္ဂိုလ်တွေ ဘာတွေပဲ ထည့်သွင်းဌာပနာခဲ့သည်ဖြစ်စေ၊ ဗုဒ္ဓအဆုံးအမနဲ့ ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ သူတို့တည်ထားခဲ့တဲ့ စေတီ၊ပုထိုးတွေထဲမှာ အမြတ်တနိုးနဲ့ ထည့်သွင်းပူဇော်ဌာပနာကြတဲ့ ပစ္စည်းလေးတွေဟာ ယနေ့ခေတ်ကျွန်တော်တို့အတွက်တော့ ယဉ်ကျေးမှုသမိုင်းရဲ့ အမွေအနှစ်တွေပဲ ဖြစ်ပါတယ်။ အဲ့ဒီအမွေအနှစ်တွေဟာ သူတို့ခေတ်ကာလကို ထင်ဟပ်နေတဲ့ လူမှုရေး၊ ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာများကို ပြောပြနေတဲ့ အထောက်အထားများပဲ ဖြစ်ကြပါတယ်။ အခုလည်း ပုဂံခေတ် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ကျောက်ဆည်မြို့၊ ဝေဘူတောင်ခြေက ဆည်တော်နံ ရွှေမုဋ္ဌောစေတီ ငလျင်ကြောင့် ပျက်စီးရာက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက အမရပူရခေတ်လက်ရာ ခဲနဲ့သွန်းလောင်းထားတဲ့ အမွေအနှစ်ကလေးတစ်ခုကို ထူးခြားစွာ တွေ့ရလို့ စာဖတ်သူများ ဗဟုသုတဖြစ်စေရန် တင်ပြလိုက်ရပါတယ်။ နည်းနည်းများ ရောထွေးသွားကြမလားဘဲ၊ ပုဂံခေတ် အနော်ရထာမင်းတည်ထားခဲ့တဲ့ စေတီလို့လည်းပြောတယ်။ အမရပူရခေတ်လက်ရာလို့လည်း ဆိုပြန်တယ်။ ဘယ်လိုလဲပေါ့၊ ရှင်းပြပါ့မယ်။ မူလစေတီတော်က ပုဂံခေတ် အနော်ရထာမင်းကြီး စတင်တည်ထားခဲ့တာပါ။ ကာလကြာတော့ ထိန်းသိမ်းမှုအားနည်းလို့ဖြစ်စေ၊ သဘာဝဘေးဒဏ်ကြောင့်ဖြစ်စေ ယိုယွင်းပျက်စီးနေတာကို အမရပူရခေတ်မှာ ပြန်လည်ပြုပြင်ခဲ့တယ်လို့ အထောက်အထားများက ဖော်ပြနေပါတယ်။ အဲ့ဒီစေတီရဲ့အနီးမှာ အမရပူရခေတ် လက်ရာဟန်တွေနဲ့ တည်ထားခဲ့တဲ့ နဂါးရုံစေတီ၊ လိုဏ်ခံစေတီနဲ့ အခြားစေတီတော်တွေကိုလည်း တွေ့ရပါတယ်။ အဲ့ဒါကြောင့် အမရပူရခေတ်က ဝေဘူတောင်ခြေမှာ စေတီတော်တွေ တည်ထားရင်း ယိုယွင်းပျက်စီးနေတဲ့ ဆည်တော်နံ ရွှေမုဋ္ဌောစေတီကို တစ်လက်စတည်းပြုပြင်ခဲ့တဲ့အတွက် ပုဂံခေတ်စေတီမှာ အမရပူရခေတ် အထောက်အထားတွေ တွေ့နေရခြင်းဖြစ်ပါတယ်။ အခုတွေ့ရတဲ့ အထောက်အထားက ခဲနဲ့ သွန်းလောင်းထားတဲ့ ဟင်္သာတံခွန်တိုင်လေးဖြစ်ပါတယ်။ အမရပူရခေတ်မှာ ခဲနဲ့သွန်းလောင်းထားတဲ့ တစ်ခြမ်းဖောင်းဆင်းတုလေးတွေ၊ တစ်ခြမ်းဖောင်းစေတီလေးတွေကိုတော့ အမရပူရခေတ် ဩဇာအာဏာ သက်ရောက်တဲ့ ဒေသတွေမှာ အတော်များများ တွေ့ရလေ့ရှိပါတယ်။ အခုတော့ ဆင်းတုတော်၊ စေတီတော်လေးတွေ သာမကဘဲ စေတီနဲ့ ဆက်စပ်နေတဲ့ ဟင်္သာတံခွန်တိုင်လေးကိုပါ ထူးခြားစွာ တွေ့လာရပြန်ပါတယ်။ ဒါကလည်း အထက်မှာ ကျွန်တော်ပြောခဲ့သလိုပဲ အလှူရှင်က မိမိသဒ္ဓါပေါက်ရာ ဖန်တီးပြီး ထည့်သွင်းပူဇော်တဲ့ သဘောပါပဲ။ တကယ်လက်တွေ့ စေတီတော် အတော်များများရဲ့ အင်္ဂါထောင့်မှာ ဟင်္သာပါတဲ့ တံခွန်တွေကို တွေ့ရလေ့ရှိပါတယ်။ အခုတွေ့ရတဲ့ ခဲသွန်းဟင်္သာတံခွန်တိုင်နဲ့ ပတ်သက်ပြီး အချက်နှစ်ခုကို ဗဟုသုတ အလို့ငှာ တင်ပြပါ့မယ်။ ပထမအချက်က တံခွန်တိုင်ထိပ်မှာ ပါနေတဲ့ ဟင်္သာရုပ်လေးရဲ့ နောက်ခံသမိုင်းကြောင်းပါ။ ဘာကြောင့် တံခွန်တိုင်ထိပ်မှာ ဟင်္သာရုပ်ကို ထည့်သွင်းထုလုပ်ရတာလဲဆိုတာကို နောက်ခံဇာတ်တော်နဲ့ ဦးစွာတင်ပြပါ့မယ်။ မြတ်ဘုရားရဲ့ဖြစ်တော်စဉ် ၅၅၀ ဇာတ်တော်တွေထဲက အသီတိနိပါတ်မှာ အမှတ်(၅၃၄) မဟာဟံသဇာတ်နဲ့ အမှတ်(၅၃၃) စူဠဟံသဇာတ်တော်ဆိုတာ ပါရှိပါတယ်။ ဇာတ်တော်မှာပါတဲ့ ဇာတ်လမ်းအကျဉ်းကတော့ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးနဲ့ ဘုရားအလောင်းတော် ဟင်္သာမင်းတို့ဟာ မိတ်ဆွေတွေဖြစ်ကြပြီး အခါအားလျော်စွာ တွေ့ဆုံကြကာ စကားစမြည် ပြောဆိုဆွေးနွေးလေ့ ရှိကြပါသတဲ့။ တစ်နေ့တော့ တွေ့ကြရာမှာ ဟင်္သာမင်းက နောက်ကျနေလို့ ဘာကြောင့်လဲလို့ ဗြဟ္မဒတ်မင်းက မေးတော့ ဘုရားအလောင်း ဟင်္သာမင်းက ညီငယ် စူဠဟံသကို ဆုံးမနေရလို့ ပြောတဲ့အခါ ဘာအမှားပြုမိလို့လဲလို့ ပြန်မေးပါသတဲ့။ အဲ့ဒီအခါ ဟင်္သာမင်းက သူ့ညီငယ်ဟာ အလင်းပိုင်ရှင် သူရိယနေမင်းနဲ့ အပြိုင်ပြိုင်လိုတဲ့ အတွက်ကြောင့်လို့ပြောတော့ ဗြဟ္မဒတ်မင်းကြီးက ပိုရန်ကောဆိုပြီး လှောင်ပြုံးပြုံးလိုက်တာကို ဟင်္သာမင်းက တွေ့သွားပါတယ်။ အဲ့ဒီအခါ ဘုရားလောင်း ဟင်္သာမင်းလည်း သူ့ရဲ့လျင်မြန်တဲ့ စွမ်းအားကို နမူနာအဖြစ်ပြသပြီး ဗြဟ္မဒတ်မင်းကြီးကို ဆုံးမရန် စီစဉ်ပါသတဲ့။ ဟင်္သာမင်းက လူ့ပြည်က အတော်ဆုံး ခွန်အားဗလနဲ့ အပြည့်စုံဆုံး လေးသမားလေးဦးကိုခေါ်ပြီး အရပ်လေးမျက်နှာကို မျက်နှာပြုကာ ကျောချင်းကပ်ထားစေပါတယ်။ ပြီးတော့ သူတို့လေးဦးပစ်မည့် မြားရှက်တွေမှာ အမှတ်အသားပြုစေပါတယ်။ ဗြဟ္မဒတ်မင်းကြီးဟာ သူစတင်ပျံသန်းတဲ့အခါ မြင်ရမှာ မဟုတ်လို့ အသံကိုသာ ကြားစေခြင်းငှာ သူ့လည်မှာ ခြူဆွဲစေပါသတဲ့။ ပြီးမှ ပရိသတ် ဗိုလ်ပုံအလယ် လေးသမားလေးဦးကို ဆန့်ကျင်ဘက်လေးမျက်နှာကို အမှတ်အသားပြုထားတဲ့ မြားတစ်စင်းစီ အားကုန်ပစ်ခတ်စေပြီး ဘုရားအလောင်းတော် ဟင်္သာမင်းလည်း လျှပ်တစ်ပြက် ပျံတက်လိုက်တာ လျင်မြန်လွန်းလို့ ခန္ဓာကို မမြင်လိုက်ရဘဲ ခြူသံကိုသာ ကြားလိုက်ကြရပါသတဲ့။ ပြီးတော့ တစ်မုဟုတ်ချင်းဘဲ အလောင်းတော် ဟင်္သာမင်းရဲ့ပါးစပ်မှာ အရပ်လေးမျက်နှာက မြားလေးစင်းကို ကိုက်ပြီး ပြန်ရောက်လာပါသတဲ့။ အဲ့ဒီတော့မှ ဗာရာဏသီမင်းကြီးလည်း အံ့သြတကြီး တောင်းပန်ပြီး အလောင်းတော်ရဲ့ လျင်မြန်လှတဲ့ စွမ်းအားကို ချီးကျူးတဲ့အခါ အလောင်းတော်က သူ့ထက် မြန်တဲ့သူ ရှိပါသေးကြောင်း၊ အဲ့ဒီသူဟာ သေခြင်းတရားပဲဖြစ်ကြောင်း၊ လောကကြီးမှာ "ကြွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကြွေးမီ" ချက်ချင်း သေဆုံးနိုင်ပါကြောင်း တရားပြတဲ့အခါ အားလုံးကသတိသံဝေဂရကြပြီး သာခုခေါ်ကြကြောင်း အဆုံးသတ်ထားပါတယ်။ အဲ့ဒါကြောင့် ဘုရား၊ ကျောင်း၊ ကန် သွားကြတဲ့အခါ အမှတ်တမဲ့ မဖြစ်စေဘဲ မရဏာနုဿတိကို ပွားများနိုင်ကြစေရန် ဟင်္သာတံခွန်တိုင်များ ဖန်တီးတည်ဆောက်ထားကြခြင်း ဖြစ်ပါတယ်။ အဲ့ဒီလို တံခွန်တိုင်တည်ဆောက်ကြရာမှာလည်း အရှေ့တောင်ထောင့် အရပ်မှာသာ တည်ဆောက်ကြလေ့ရှိပြီး ဟင်္သာရုပ်လည်မှာ ခြူဆွဲထားကာ နေသွားလမ်းကြောင်းအတိုင်း အနောက်အရပ်ကို မျက်နှာပြုထားလေ့ရှိကြောင်း သိရပါတယ်။ ဒါကတော့ ဟင်္သာတံခွန်တိုင် အကြောင်းလေးပါ။ ဆက်ပြီး တင်ပြချင်တာက အခုတွေ့ရတဲ့ ခဲနဲ့သွန်းလောင်းထားတဲ့ တံခွန်တိုင် တစ်ခြမ်းဖောင်းရုပ်လေးကို ပြုလုပ်ထားပုံနဲ့ ပတ်သက်လို့ပါ။ ပုံထဲမှာ ပြထားတဲ့အတိုင်း ခဲနဲ့သွန်းလောင်းထားတဲ့ ဟင်္သာတံခွန်တိုင်လေးရဲ့ အောက်ခြေမှာ ထုးတိုင်တို့နှစ်တိုင် တွေ့ရပါတယ်၊ ဒါက တစ်ခြမ်းဖောင်း ရုပ်ကြွမို့ နှစ်တိုင်ပဲ မြင်ရတာပါ။ တကယ့်မြေပြင်မှာဆို ထုးတိုင်တိုလေးတိုင် တွေ့မြင်ကြရမှာပါ။ အဲ့ဒီ ထုးတိုင်တိုလေးတိုင်နဲ့ တံခွန်တိုင်ရှည်ကို ထူးခတ်ပြီး တည်ဆောက်ထားလေ့ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ တံခွန်တိုင်ဟာ အဝေးကနေ လှမ်းမြင်နိုင်လောက်အောင် အနည်းဆုံး ပေ ၂၀ ကျော် မြင့်မားပါတယ်။ သာသနာ့ အထိမ်းအမှတ် ဘုရား၊ စေတီ၊ ကျောင်း၊ ကန် တည်ရှိနေမှန်း သိအောင်လို့ မြင့်နိုင်သမျှ မြင့်အောင် တည်ဆောက်ထားပြီး တံခွန်ရွက်တို့၊ တံခွန်လုံးတို့ လေထဲမှာ တဖျပ်ဖျပ် လွင့်နေတာ မြင်ရအောင် ဖန်တီးထားတာပါ။ သိပ်မြင့်တော့ အခြေမခိုင်ရင် လဲသွားနိုင်ပါတယ်။ အဲ့ဒီလို မဖြစ်စေရအောင် ရှေးလူကြီးများက "မြေဝင်တသူ ထုးမှုနှစ်ချက်" ဆိုတဲ့ လင်္ကာအတိုင်း တည်ဆောက်ထားကြပါတယ်။ အနည်းငယ် ရှင်းပါအုံ့။ ရှေးကတော့ သစ်သားနဲ့ အဆောက်အအုံများကို တည်ဆောက်ကြလေ့ ရှိကြပါတယ်။ အဲ့ဒီအခါ တိုင်များကို ခိုင်မတ်စေခြင်းငှာ မြေထဲကို လက်ခုပ်တစ်ဖောင် ခုနစ်ပေလောက်အထိ မြှုပ်ထားလေ့ ရှိပါတယ်။ အဲ့ဒီ မြေအောက်ထဲမှာ အလယ်လောက်ကနေပြီး တိုင်အချင်းချင်း စရွေးထွင်းပြီး သစ်သားတန်းများနဲ့လျှိုကာ ထူးခတ်ထားလေ့ ရှိကြပါတယ်။ ဒါမှ လေဒဏ်၊ ရေဒဏ်ခံနိုင်အောင်လို့ပါ။ တောင်သမန်အင်းက ဦးပိန်တံတားဟာ ရာဇဝင်တစ်လျှောက် လေဒဏ်နဲ့ ရေလှိုင်းဒဏ် ကြိမ်ဖန်များစွာ ခံရပေမယ့် တိုင်တွေကျွတ်ပြီး မျောပါသွားခြင်းမရှိတာ အဲ့ဒီမြေအောက် ထူးကြောင့်ပါ။ တံခွန်တိုင်လို တိုင်ထီးထီးဆိုရင်တော့ မြေအောက်ထူးက ပိုပြီး အရေးပါလိုအပ်တာပေါ့။ ဒါကြောင့် မြင့်မားတဲ့ တံခွန်တိုင် မတ်မတ်ခိုင်ပြီး တည်မြဲနေအောင် တံခွန်တိုင်နဲ့ ထူးတိုင်တိုလေးချောင်းကို ပထမ မြေဝင်တသူထိ မြှုပ်ကာ စိုက်ရပါမယ်။ ပြီးတော့ မြေအောက်ထူးတစ်ချက်ကို ကြက်ခြေခတ်သဖွယ် ခတ်ရပါမယ်။ ပိုပြီးသေချာအောင်၊ ခိုင်မြဲအောင် မြေပေါ်မှာလည်း ထူးတိုင်တိုလေးချောင်းနဲ့ တံခွန်တိုင်ကို ထပ်ပြီးတော့ အပေါ်ထူးတွေ ခတ်ရပြန်ပါတယ်။ ဒါကြောင့် ထူးမှုနှစ်ချက်လို့ ဆိုတာပေါ့။ အခုတင်ပြထားတဲ့ ခဲသွန်းတံခွန်တိုင်လေးကို ကြည့်ပါ။ တိုင်ထိပ်က ဟင်္သာရုပ်ကတော့ ဇာတ်တော်လာမို့ ထားပါတော့။ ပိုပြီးခိုင်စေဖို့ အောက်ခြေမှာ တိုင်တိုနဲ့ ထူးသုံးဆင့် ခတ်ပြထားပါတယ်။ ထူးတွေရဲ့ အစွန်းနားတွေမှာ အမရပူရခေတ်လက်ရာ အမွှမ်းပန်းလေးတွေ ထုလုပ်တပ်ဆင်ထားဟန် သွန်းလောင်းထားတာဟာ အလွန်ချီးကျူးစရာ ကောင်းလှပါတယ်။ နောက်ပြီး တိုင်တိုလေးတွေရဲ့အပေါ်မှာ တင်းပုတ်ထမ်းထားတဲ့ စတုမဟာရာဇ်လောကပါလနတ်မင်းကြီး ရုပ်တုလေးတွေကို ချစ်စဖွယ် ထုလုပ်အလှဆင်ထားပြန်ပါတယ်။ အဲ့ဒါကို ကြည့်ခြင်းအားဖြင့် အခုတံခွန်တိုင်ဟာ ခဲသွန်းသဘောမို့ နတ်မင်းကြီးပါတဲ့ တိုင်တိုကို နှစ်ခုပဲ ပါရှိနေတာ။ တကယ့်မြေပြင်မှာဆိုရင် ကျွန်တော် အထက်မှာ တင်ပြခဲ့သလို တိုင်တိုလေးချောင်းပါရှိပြီး တိုင်ထိပ်တွေမှာတော့ စတုမဟာရာဇ်ဘုံက လောကကို စောင့်တဲ့ နတ်မင်းကြီးလေးပါးဖြစ်တဲ့ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနဲ့ ဓတရဋ္ဌ တို့ကို မတ်တပ်ရပ်လျက် တွေ့ရလေ့ရှိပေမယ့် အခုလို ထိုင်လျက်သား တင်းပုတ်လေးတွေထမ်းလို့ တွေ့ရတာ ပထမဆုံးပါပဲ။ နောက်ပြီး နတ်ဆိုတိုင်း အခုခေတ်လို အချွန်အတက်တွေပါတဲ့ မကိုဋ်ဆောင်းမထားဘဲ အမရပူရခေတ်ဟန် ဖောင်းဆောင်းထားတာကလည်း အမှတ်တရပါပဲ။ နိဂုံးချုပ်အနေနဲ့ ပြောလိုတာက အခုတွေ့ရတဲ့ ခဲသွန်းဌာပနာတံခွန်တိုင်ကို လေ့လာခြင်းအားဖြင့် အမရပူရခေတ်ရဲ့ဆောက်လုပ်ရေး အတတ်ပညာ၊ ဘာသာရေးအယူအဆနဲ့ လူမှုဘဝ အခြေအနေတို့ကို တစေ့တစောင်း လှစ်ဟပြနေတာမို့ အဲ့ဒါတွေကို ခြုံငုံမိအောင် ဖန်တီးတဲ့ ပညာရှင်ကို လေးစားချီးကျူးမိပါကြောင်း။

**ကျမ်းညွှန်း-၅၅၀ဇာတ်သိမှတ်ဖွယ်(ဦးအေးချို)**

## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ဘဝဓမ္မအတွေ့ရသများ
စာရေးသူ - တက္ကသိုလ်တေဇာလင်း
ထုတ်ဝေသည့်စာပေတိုက် - အောင်ချမ်းပြည့်စာပေ
စာမျက်နှာ - ၈၂၀ မျက်နှာ
တန်ဖိုး - ၃၀၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်)



စာရေးသူ၏ မွေးနေ့အမှတ်တရအဖြစ် ထုတ်ဝေသော စာအုပ်ကြီးဖြစ်ပြီး စာရေးသူ၏ စာမွန်ဦး၊ မြေလတ်မင်းလွင်၏ အမှာစာတို့နှင့် ထွက်ရှိလာသည်။

စာရေးသူတက္ကသိုလ်တေဇာလင်း၏ စာပေလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့်အတူ စာစု ၇၃ ပုဒ်ကို စုစည်းထားသည်။ စာအုပ်တွင် ကိုယ့်သမိုင်းကို ကိုယ်ရေးသည်၊ အနုပညာကဗျာပန်းချီတို့ဖြင့် ဂုဏ်ပြုပူဇော်ခြင်း၊ ဘဝနှင့်ဓမ္မတွဲစပ်ကြ၊ သံသယတောအလယ်မျှော်ဖွယ်မရှိတယ်၊ အွန်လိုင်းသတိပဋ္ဌာန်ပို့ချ၊ အတ္တုပ္ပတ္တိ စာပေဖတ်ရခြင်းအကျိုးကျေးဇူး၊ သာသနာ့ခရီးစာပေခရီးဆက်လက်လျှောက်လှမ်းစေချင်ကျေးဇူးတရားဖော်ထုတ်ပြသူ၊ ဝမ်းနည်းဝမ်းသာ၊ ခေတ်သစ်ဓမ္မပါလရွာ၊ နတ်မောက်ထွန်းရှိန်မဂ္ဂဇင်း၊ စာကြည့်တိုက်ကထိန်ပွဲ၊ မင်္ဂလာရှိစွာ နံနက်ခင်းမှာ၊ ရတနာပန်းဆင်မြန်းပါစို့၊ ဘဝလှုပ်ရှားမှုများပုံရိပ်လွှာ၊ မြရိပ်တမာမဂ္ဂဇင်း၊ ပိတောက်ဦး၊ သာသနာပြုကြရာဝယ်၊ ဝေဒနာလမ်းခွဲ၊ ချစ်သူ့လိပ်ပြာ၊ ဇြပ္ပစိုရ်အလှပိုင်ရှင်၊ ဘဝပေါ်က စာပေပန်းများ၊ ဓမ္မဖြင့်ဘဝကိုအလှဆင်၊ ဓားသွားထက်ပျားရည်စက်ခုံမင်နေ၊ အကျွမ်းတဝင် တရင်းတနှီး၊ လောကဝတ်နှင့် ဓမ္မဝတ်၊ ဓမ္မကျင့်ဘဝမြင့်

## ဖော်ညွှန်းသီ

စာအုပ်အမည် - ကျွန်တော်နှင့်ဘဝတက္ကသိုလ်
စာရေးသူ - မော်သာထွေး(မန္တလေး)
ထုတ်ဝေသည့်စာပေတိုက် - သင်ဇင်စာပေ
စာမျက်နှာ - ၂၆၆ မျက်နှာ
တန်ဖိုး - ၁၂၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ

စာရေးသူသည် မန္တလေးမြို့ဇာတိဖွားဖြစ်ပြီး THS မန္တလေး စက်မှုလက်မှုအထက်တန်းကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ပြီး ရန်ကုန်စက်မှုတက္ကသိုလ် RIT သို့ ဆက်လက်ပညာသင်ယူကာ အင်ဂျင်နီယာဘွဲ့ရဖြစ်သည်။ လုံးချင်းစာအုပ်များထုတ်ဝေခဲ့ကာ အမျိုးသားစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆုများလည်း ရရှိခဲ့သည်။

ယခုစာအုပ်မှာ စာရေးသူ၏ ရှစ်အုပ်မြောက် စာအုပ်ဖြစ်ပြီး အမှတ်(၂)၊ အမှတ်(၃)စာအုပ်များ ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်ဟု ဆရာမော်သာထွေး(မန္တလေး)က ပြောသည်။

စာအုပ်တွင် သတင်းစာဟောင်းများ၏ မှတ်တမ်းဓာတ်ပုံများနှင့်အတူ စာရေးသူ၏ အမှာစာ အပါအဝင် အခန်း(၉)ခန်းခွဲပြီး ရေးသားထားသည်။

အခန်း(၁) ဘဝ၏ ပထမဆုံးခြေလှမ်းမှ အခန်း(၉)တစ်ခေတ်တစ်ခါက အတိတ်ပုံရိပ်များနဲ့ လက်ရှိ မြန်မာ့အရေးအကြောင်းအရာတို့ကို ကိန်းဂဏန်း၊ ခုနှစ်များ၊ မှတ်တမ်းများ၊ အတွေ့အကြုံများနှင့် ယက်ရှယ်ကာ စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားသည့် သုတရသစာအုပ်ဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




စာအုပ်တွင် သတင်းစာဟောင်းများ၏ မှတ်တမ်းဓာတ်ပုံ

စသည်တို့ကို ဖတ်ရှုရမည်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### ဖိတ်ခေါ်ပါသည် မန္တလာဆီ

* အင်ကြင်း ကြာအုံ ရတနာပုံ
နတ်ဘုံတမျှ ခမ်းနားလှ
သာစွ မန်းနေပြည် ။

* မန်းတောင်ခြေမှာ မြို့တော်တည်
ဖြိုးဝေစည် မြို့ရွှေမန်း
သမိုင်းဝင် အမွေအနှစ်တွေနှင့်
ဂုဏ်တင့်ကြိုင်လျှမ်း ။

* မန်းနေပြည် အုံ့မခန်း
ရွှေနန်းနှင့် ကျုံးတော်မဟာ
မြနန္ဒာ ရေညိုသန်း
အေးချမ်းသာယာ ။

* မန်းမြို့တော်တစ်ခွင်မှာ
လေ့လာစရာ နေရာများ
ယဉ်ကျေးမှု အမွေအနှစ်တွေနှင့်
ဂုဏ်ဝင့်ထင်ရှား ။

* ရွှေမန္တလေးမြို့တော်သည်
တိုးတက်ကာ ခေတ်မီလို့
ရှေးလက်ရာ အနုပညာတွေနှင့်
ဗိသုကာ လက်ရာစုံတယ်
စိတ်ဝယ်ရွှင်လန်း ။ ။

ခိုင်ခန့်(အမရပူရ)

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားပြုလုပ်

**သရက် ဒီဇင်ဘာ ၁**

ကျောင်းသားလူငယ်များ စာကြည့်တိုက် အသုံးပြုတတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဘက်စုံဖွံ့ဖြိုးပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက သရက်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ သရက်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်း၊ 'အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း' "Never Stop Learning Talk Show" တွင် စာရေးဆရာမ ခင်ဆွေဦး ရေးသားသည့် 'ဒို့တိုင်းဌာနီ' စာအုပ်အား ဆွေးနွေးခြင်း၊ သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှပသာယာ ပြည်မြန်မာရောင်စုံ ဓာတ်ပုံများနှင့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသကြောင်း သိရသည်။

**(ယာပုံ) ဇော်ထက်(သရက်)**





## အခြေခံပညာဆရာ ဆရာမများ၏ အရည်အသွေးမြှင့်ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပခုက္ကူ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် အခြေခံပညာဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၉နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့် သင်တန်းစည်းမျဉ်း စည်းကမ်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းမှာ ၂၀၂၅-၂၀၂၆ပညာသင်နှစ်၊ အခြေခံပညာဆရာ ဆရာမများအတွက် သာတူညီမျှမှုကို အခြေခံသော ဆရာအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့်ဆင့်ပွားသင်တန်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၃၄ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၃၄၀)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်သိန်းဝင်း(ဘ)ဦးညွန့်တင်(၇/ပခတ(နိုင်)၀၄၂၀၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း** (LL.B)
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်အမှတ်(၂၂)မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်အမှတ်(၂၂)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသက်ရှည် အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးသူရိန်ဝင်းမြင့်(ဘ)ဦးဝင်းမြင့်(၉/ခမစ(နိုင်)၀၂၉၅၇၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်အမှတ်(၂၄၃)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်အမှတ်(၂၄၃)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်နိုင် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ပပဝင်း(ဘ)ဦးထွန်းကြွယ်(၉/မဟမ(နိုင်)၀၁၀၃၀၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒုတကက စိုးဝင်း(ဘ)ဦးတင်မောင် အမည်ပေါက် တောဂရန် အမှုတွဲအမှတ်(၅၅၀၇/၉၀-၉၁)အရ (၂၄-၁၀-၁၉၉၀)မှ (၂၃-၁၀-၂၀၂၀)အထိ နှစ်(၃၀)ရရှိထားသော ဂရန်မြေကွက် ဖြစ်ပါသည်။

အထက်ပါမြေကွက်ကို ဂရန်အမည်ပေါက်ရရှိသူ ဦးစိုးဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုသန်း(ဘ)ဦးစံသိန်းက အထွေထွေ ကိုယ်စားလှယ်လွှဲစာ အဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိလက်ရောက်နေထိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကိုကိုသန်းတို့မှ အထက်ဖော်ပြပါ အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား အခွန်ဆောင်အမည်ပြောင်း၊ သက်တမ်းတိုး လုပ်ငန်းများကို ရုံးဌာနအသီးသီးတို့တွင် ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၁၇+၁/၁၈) မြေကွက်ပေါ်တွင် ဒေါ်အိမ့်သုသုဟန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကလန(နိုင်)၁၂၈၀၉၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၂၀) မြေကွက်ပေါ်တွင် ဦးရန်ကွယ်ကျိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၆၆၆၃၂)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၆၈) မြေကွက်ပေါ်တွင် ဒေါ်သန်းသန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဖပန(နိုင်)၀၀၁၃၀၇)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)၊ ဦးပိုင်အမှတ်(၆-Z၇) မြေကွက်ပေါ် တွင် ဦးဇော်ဝင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(ဧည့်)၀၀၀၄၉၈)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ဦးပိုင်အမှတ်(၅၀-က) မြေကွက်ပေါ်တွင် ဒေါ်အေးအေးဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၁၆၀၀၇၈)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ဦးပိုင်အမှတ်(၂၇) မြေကွက်ပေါ်တွင် ဦးမောင်မောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလတ(နိုင်)၀၄၀၂၃၄)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၁၉)၊ စတုတ္ထထပ်တိုက်ခန်းရှိ ဦးစိုင်းလှရွှေ၏ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်နေခြည်(ဘ)ဦးကံငြိမ်း(၉/ခမစ(နိုင်)၀၀၆၀၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နန္ဒာဝင်း(ဘ)ဦးသန်းဝင်း(၆/မမန(နိုင်)၁၃၈၀၈၁)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအိရွှေစင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

# MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်၊ (ဗုဒ္ဓဟူးနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၁၈) နာရီမှ (၁၂) နာရီအထိ |
| ကျင်းပမည့်ပုံစံ | - | **Online Zoom Meeting** |

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် **Registration** ပြုလုပ်ရေးအတွက် **Mandalay Myotha Industrial Development Public Co., Ltd** ၏ **Email** ဖြစ်သော **info@mmid project.com** (သို့မဟုတ်) **09-404090583, 09-5168580 Viber Phone Number** များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မိတ္တူ(ရှေ့/နောက်)၊ အစုရှယ်ယာရှင်လက်မှတ်တို့ကို ဓာတ်ပုံရိုက်၍ (၁၄-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ **Website: http:// www. mmidproject.com** တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားမည်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Mandalay Myotha Industrial Development Public Co., Ltd**
**Website: http://www.mmidproject.com Email: info@mmidproject.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၇)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသိန်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူ(ဘ)ဦးသန်းမောင် (၉/မနတ(နိုင်)၀၁၀၃၉၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်နံပါတ်(၅၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးခင်မောင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက် အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း(ဘ)ဦးထွန်းရွှေ(၉/မထလ (နိုင်)၃၁၁၁၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၃၇-က) မြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၃၇-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်မြင့်မြင့်မော် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်မြင့်မြင့်ထွန်း(ဘ)ဦးတင်ရွှေ(၉/မရတ(နိုင်)၁၃၀၇၉၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) , ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## ပျောက်ဆုံးကြောင်း

ဦးအောင်ကျော်ကျော်(ဘ)ဦးရှောင်ဝေချင်း(ခ)ဦးကျော်လွန်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၄၈၃၁၃) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးအောင်ကျော်ကျော်**
**Ph: 09-2021910**

## ဂရန်စာချုပ်များအား လက်ဝယ်ကိုင်ဆောင်ထားသူနှင့်တကွ အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၏ ဝမ်ကောင်းရပ်ကွက် နေထိုင်သူများဖြစ်သော (အဖ) ဦးမြင့်အောင် + (မိခင်)ဒေါ်ခင်မြမြ၏ သားသမီးများဖြစ်သည့် ဦးအောင်သိန်းဦး(၁၃/တယန (နိုင်) ၀၂၁၉၂၆)၊ ဦးအောင်စိုးမိုး(၁၃/တယန(နိုင်)၀၂၁၉၂၇)၊ ဦးဝီလီရမ်အောင်(၁၃/တယန(နိုင်)၀၃၆၆၂၇)၊ ဦးကောလင်းအောင်(၁၃/တယန(နိုင်)၀၃၆၆၂၈) ကိုင်ဆောင်သူများ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အား လွှဲအပ်သည့် မိတ်ဆွေများသည် ဦးရွက်ခမ်း + ဒေါ်ကြာပုတို့၏ မြေးများတော်စပ်ကာ အဘိုးအဘွားတော်စပ်သူမှ သားသမီး(၈)ဦး ထွန်းကားခဲ့ပြီး ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့၊ တောင်မြို့တိုးချဲ့ရပ်၊ မြေတိုင်းအကွက်အမှတ်(၁၅/ခ) တောင်မြို့တိုးချဲ့ကွက်သစ်ရပ်၊ ဦးပိုင်အမှတ်(၈၉/ဃ)၊ မြေဧရိယာ(၀ ဒသမ ၃၈၃)ဧက၊ ဦးပိုင်အမှတ်(၈၉/က)၊ မြေဧရိယာ(၀ ဒသမ ၉၃၃)ဧကရှိ မြေကွက်၊ မြေကွက်များကို ပိုင်ဆိုင်ခဲ့ပါသည်။ အဘိုးအဘွားတို့က ၎င်းတို့၏ အမည်ပေါက်ရရှိရန် သားသမီးများအနက်မှ သားဖြစ်သူ ဦးကျော်စွာထွန်းနှင့် ဦးတင်ဆွေအား မြေယာဌာန အသီးသီးတွင် လုပ်ကိုင်ခွင့်များ လွှဲအပ်၍ လုပ်ကိုင်စေခဲ့ပါသည်။ ဖော်ပြပါ ဂရန်ကွက်များကို ဦးကျော်စွာထွန်းနှင့် ဦးတင်ဆွေ အမည်ပေါက် ဂရန်များရရှိခဲ့ပြီး၊ ယခုအခါ ဦးတင်ဆွေ ကွယ်လွန်သွား၍ ဦးကျော်စွာထွန်းသည် ၎င်း(၁)ဦးတည်းအမည်ဖြင့် အမွေဆက်ခံစာချုပ်အား ချုပ်ဆိုခဲ့ရာ အဘိုးအဘွားမွေးဖွားခဲ့သော မောင်နှမ(၈)ဦးကို ရေးသားဖော်ပြခြင်း မရှိပါ။ ကျန်အမွေဆက်ခံသူများ ထည့်သွင်းဖော်ပြခြင်းမရှိပါဘဲ ဦးကျော်စွာထွန်း(၁)ဦးတည်း အမွေဆက်ခံစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။

ထို့ကြောင့် ဖော်ပြပါ ဦးကျော်စွာထွန်း အမည်ပေါက်ဖြစ်သော ဂရန်ကွက်များမှာ အဘိုး + အဘွားများ၏ အမွေမြေကွက်များကို အဆင့်ဆင့် မမှန်မကန် လျှောက်ထားမှုများဖြင့် ရယူထားသော ဂရန်စာချုပ်များ ဖြစ်ပါသည်။ ယခုအခါ ဂရန်စာချုပ်များသည် ဦးကျော်စွာထွန်း လက်ဝယ်၌မရှိ၊ အခြားသူများထံ ရောက်ရှိနေပါသည်။

သီပေါမြို့၊ ဈေးရပ်ကွက်၊ ဂန္ဓာမာလမ်း၊ နယ်မြေ(၄)၊ မြေတိုင်းအကွက်အမှတ်(၁၂)၊ ဈေးရပ်ကွက်၊ ဦးပိုင်အမှတ်(၃၄/က)၊ ဧရိယာ(၀ ဒသမ ၁၅၄)ဧကရှိ မြေကွက်သည်လည်း ကျွန်ုပ်မိတ်ဆွေများ၏ အဒေါ်အပျိုကြီး ဒေါ်ခင်စန်း ပိုင်ဆိုင်ထားသော မြေကွက်များဖြစ်ပြီး၊ ဒေါ်ခင်စန်းသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါ၍ ကျွန်ုပ်မိတ်ဆွေများကလည်း အမွေဆက်ခံခွင့်ရှိသော မြေကွက်ဖြစ်ပါသည်။

ဦးကျော်စွာထွန်း အမည်ပေါက် ဂရန်နှင့် ဒေါ်ခင်စန်း အမည်ပေါက် မြေကွက်များသည် အမွေဆိုင်မြေကွက်များဖြစ်၍ ကျွန်ုပ်မိတ်ဆွေများနှင့် ပူးတွဲပိုင်ဆိုင်သော အမွေဆိုင်များထဲမှ (၁)ဦး(၁)ယောက်ကသော်လည်းကောင်း၊ ဦးကျော်စွာထွန်း အမည်ပေါက် ဂရန်စာချုပ်များအား လက်ဝယ်ကိုင်ဆောင်သူများကသော်လည်းကောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း စသည့် လွှဲပြောင်းခြင်းတစ်စုံတစ်ရာကိုမျှ ပြုလုပ်ခြင်းမပြုပါရန် ကန့်ကွက်ကြေညာခြင်းဖြစ်ပြီး၊ ကန့်ကွက်ကြေညာထားပါလျက် ဦးကျော်စွာထွန်း အမည်ပေါက်ဂရန်များကို လက်ဝယ်ကိုင်ဆောင်ထားသူမှ ၎င်း၏ဆန္ဒဖြင့် လွှဲပြောင်းခြင်း တစ်စုံတစ်ရာ ပြုမူခဲ့ပါလျှင် လွှဲပြောင်းခြင်းအား လက်ခံထားရှိသူများနှင့်တကွ လွှဲပြောင်းသူတို့ကို သက်ဆိုင်ရာ ဥပဒေအရပ်ရပ်နှင့်အညီ တရားစွဲဆိုသွားရမည်ဖြစ်ပါကြောင်းကို ဂရန်စာချုပ်များအား လက်ခံထားသူများနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | | **လွှဲအပ်ချက်အရ** |
|---|---|---|
| **ဦးအောင်သိန်းဦး** | **ဦးအောင်စိုးမိုး** | **ဒေါ်သန္တာမြင့် (LL.B)** |
| **ဦးဝီလီရမ်အောင်** | **ဦးကောလင်းအောင်** | **တရားလွှတ်တော်ရှေ့နေ** |

ဖုန်း ၀၉-၂၅၆၁၂၁၆၁၀၊ ၀၉-၄၀၂၅၄၁၉၁၈

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

❖ "ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်....

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်( Live ) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီ မိနစ် ၃၀ မှစတင်၍ MRTV -HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ ဖတ်စရာ

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ် စာမျက်နှာ » ၇

ပေါလ်စခိုးလ်၏ ပရီးမီးယားလိဂ်ဂိုးဖန်တီးမှု စံချိန်ကို ဘရူနိုဖာနန်ဒက်စ် ကျော်ဖြတ်နိုင်ခဲ့ စာမျက်နှာ ၁၁



(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကနူး/ကယက်လှေလှော်အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာစဉ်။

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကနူး/ကယက်လှေလှော်အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက်လှေလှော်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယနေ့တွင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများသည် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

စာမျက်နှာ ၆ သို့ ❖

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အပြီးသတ်ကစားသမား (၂၃)ဦးရွေးချယ်

ရန်ကုန် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အပြီးသတ် ကစားသမား ၂၃ဦးစာရင်းကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးကြည်လွင်၊ နည်းပြချုပ်အဖြစ် ယုကီတက်ဆုရှိ(ဂျပန်)၊ လက်ထောက်နည်းပြများအဖြစ် ဒေါ်သူဇာထွေး၊ ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြအဖြစ် ဦးစိန်အေးတို့ဖြစ်ကြသည်။

အားကစားသမားစာရင်းတွင် ဂိုး-မျိုးမြမြငြိမ်း(သစ္စာအားမာန်)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ အိစန္ဒာဇော် (ဧရာဝတီ)၊ နောက်တန်း-ဖွန်ယုယဦး (ဧရာဝတီ)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ နှင်းပွင့်အေး (အား/ကာသိပ္ပံ)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း-လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ ဖြူဖြူဝင်း (ဧရာဝတီ)၊ နော်ထက်ထက်ဝေ (ဧရာဝတီ)၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ဝင်းဝင်း (သစ္စာအားမာန်)၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ ခင်မာလာထွန်း (အား/ကာသိပ္ပံ)၊ ရှုပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း- ဝင်းသီဂီထွန်း(ဆာဘား-မလေးရှား)၊ စန်းသော်သော် (ဧရာဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ မေထက်လု (SFVFC-အမေရိကန်)တို့ ပါဝင်ကြသည်။

ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် အိမ်ရှင်ထိုင်း၊ တီမော၊ အင်ဒိုနီးရှား၊ အုပ်စု(B)တွင် လက်ရှိ ချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။

အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ချောင်ဘူရီမြို့ရှိ ကွင်းနှစ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် မြန်မာစံတော်ချိန် မွန်းလွဲ ၃နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ဒီဇင်ဘာ ၂ရက်တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာမည် ဖြစ်သည်။

(NGB)

0-0-0-0-0

